# ကြေးမုံ

# The Mirror Daily

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 6 February 2024 ၁၁၃၆၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဆက်သွယ်ရေးတပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှုကာလကပင် တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည်နှင့်လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်နိုင်ခဲ့

## အစဉ်အလာကောင်းများကိုထိန်းသိမ်းကာ ဆက်သွယ်မှုနည်းပညာများကို အရှိန်အဟုန်ဖြင့် ယခုထက်မက ပိုမိုဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

(၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် စစ်ကြောရေးနှင့်တည်ခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်ချီးမြှင့်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ အငြိမ်းစား ဆက်သွယ်ရေးတပ်ဖွဲ့ဝင်အရာရှိကြီးများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့အခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။


**ယနေ့** ဖတ်စရာ

**ဖျက်နေတဲ့သူနဲ့ တည်ဆောက်နေတဲ့သူကိုတော့ ကွဲကွဲပြားပြားသိကြတယ်။ နယ်စွန်နယ်ဖျားမကျန် ပဋိပက္ခအတွင်း ရောက်ရတဲ့ဒေသခံတွေဆို ပိုသိကြတာပေါ့။ အဖျက်ဆီးခံရပြီး အိုးမဲ့အိမ်မဲ့တိုင်းရင်းသားတွေကို အစားအသောက် ဆေးဝါး ရိက္ခာ တတ်နိုင်သမျှ လှူဒါန်းနေကြသူတွေ၊ ပြန်လည်ထူထောင်ပေးသူတွေဟာ ဘယ်သူတွေဆိုတာ ကိုယ်တိုင်ဒုက္ခခံစားရတဲ့ တိုင်းရင်းသားတွေက ပိုသိကြတယ်၊ ပိုနားလည်ကြတယ်။**

ဆောင်းပါး စာမျက်နှာ » ၆

**ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများနှင့်ပတ်သက်၍ လုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံစံများအား တိုင်းဒေသကြီးအဆင့် အသိပေးရှင်းလင်းခြင်းအခမ်းအနား ကျင်းပ**

စာမျက်နှာ » ၁၀

**ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ပြေးဆွဲအသုံးပြုမည့် ခေတ်မီ DEMU တွဲဆိုင်းသစ်များ ပထမသုတ်အဖြစ် သီလဝါဆိပ်ကမ်းသို့ရောက်ရှိ**

စာမျက်နှာ » ၁၁

ကြေးမုံ

# အရေးကြီးသွေးစည်း၊ အရေးကြုံသွေးဆုံ

မြန်မာတို့၏ ဆိုရိုးစကားတွင် "အရေးကြီးလျှင် သွေးစည်း၊ အရေးကြုံလျှင် သွေးဆုံ"ဟူ၍ ဆိုကြသည်။ အကြောင်းရှိလျှင် ပေါင်းစည်းမှု မိသားစုစိတ်ဓာတ် ဖြစ်ပေါ်လာသကဲ့သို့ စည်းလုံးညီညွတ်မှုနှင့် မိသားစုစိတ်ဓာတ်ပေါ်ပေါက်လာလေ့ရှိသည်။ အလားတူ နိုင်ငံ့အရေးအရာကိစ္စများ ဖြစ်ပေါ်လျှင်လည်း စည်းလုံးညီညွတ်မှုနှင့် အမျိုးသားရေးစိတ်ဓာတ်များမှာ မနှိုးဆော်ဘဲ ဖြစ်ပေါ်လာလေ့ရှိသည်။ ဤသည်မှာ သွေးကစကားပြောလာသည့် အရေးကိစ္စဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက ၂၀၂၃ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနား ကျင်းပခဲ့ရာ ရုပ်ရှင်လောကသားအားလုံး တစုတရုံးတည်း သိုက်သိုက်ဝန်းဝန်း တက်ရောက်ခဲ့ကြသည်ကို တွေ့ရသည်။ "ရုပ်ရှင်သည် ပြည်သူအတွက်" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပြည်သူကို အလုပ်အကျွေးပြုသည့် ရုပ်ရှင်လောကသား ညီအစ်ကိုမောင်နှမများအားလုံး ပျော်ရွှင်ချမ်းမြေ့ ကြည်နူးဖွယ်အပြည့်ဖြင့် ပေါင်းစုညီညာ စုဝေးတက်ရောက်ဆင်နွှဲကြသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ အနုပညာသည် ပြည်သူအတွက်ဟူသည့် တစ်ခုတည်းသောရည်ရွယ်ချက်ဖြင့် ဆုံစည်းကြခြင်းသည် စည်းလုံးခြင်းပင်ဖြစ်သည်။

အနုပညာရှင်များသည် ပြည်သူအတွက် ထာဝစဉ်အလုပ်အကျွေးပြုရုံသာမက တိုင်းပြည်အရေးကိစ္စကြုံတွေ့တိုင်းလည်း ပါဝင်လေ့ရှိသည်။ ပြီးခဲ့သည့်နှစ် မိုခါ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများကို အနုပညာလောကသားများအားလုံး တတ်နိုင်သမျှ ထောက်ပံ့ကူညီကြ၊ ကိုယ်တိုင်ကိုယ်ကျ သွားရောက်အားပေးကူညီကြသည့် ဆောင်ရွက်ချက်များသည် ကြည်နူးဝမ်းမြောက်စရာဖြစ်သည်။ ယင်းသည် "အရေးကြီးလျှင် သွေးစည်း၊ အရေးကြုံလျှင် သွေးဆုံ" ဆိုသည့် မိသားစုစိတ်ဓာတ်၊ စည်းလုံးညီညွတ်မှုနှင့် နိုင်ငံ့အရေးအတွက် အမျိုးသားရေးစိတ်ဓာတ်ရှိခြင်းကို ပြသလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်၏အရေး၊ ပြည်သူများ၏အရေးကို ဆောင်ရွက်ရာတွင် အရေးအကြီးဆုံးအချက်မှာ လူတစ်ဦးတစ်ယောက်၏အရေးနှင့် အဖွဲ့အစည်းအရေးယှဉ်လာလျှင် အဖွဲ့အစည်းအရေးကို ဦးစားပေးရမည်ဖြစ်ပြီး အဖွဲ့အစည်းအရေးနှင့် နိုင်ငံ့အရေးယှဉ်လာလျှင် နိုင်ငံ့အရေး ဦးစားပေးဆောင်ရွက်နိုင်ရေးကို မှန်ကန်စွာ ခွဲခြားရှုမြင်ပြီး တိုင်းပြည်၏အနာဂတ်၊ ပြည်သူများ၏အနာဂတ်ကို ဝိုင်းဝန်းလက်တွဲကူညီဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ မျက်မှောက်ကာလတွင် မြန်မာနိုင်ငံသည် အခြားနိုင်ငံများနှင့်နှိုင်းယှဉ်လျှင် အောက်ကျနောက်ကျဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရှေ့တန်းရောက်လာရေးအတွက် စည်းလုံးညီညွတ်မှုဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရက ကဏ္ဍပေါင်းစုံတွင် အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် မဖြစ်မနေလိုအပ်လျက်ရှိသည့် နယ်မြေဒေသအလိုက် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ အဆိုပါအချက်များသည် အမြင့်ဆုံး နိုင်ငံ့အရေးကိစ္စဖြစ်သည်။ အဆိုပါအချက်များ အကောင်အထည်ပေါ်လာရန်အတွက် တိုင်းရင်းသားပြည်သူအားလုံးသည် စည်းလုံးညီညွတ်ကြရမည်ဖြစ်သည်။ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်နှင့် အမျိုးကိုချစ်မြတ်နိုးသည့်စိတ်စသည့် အစွန်းမရောက်သော အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံပြီး တိုင်းပြည်၏အနာဂတ်ကို ပုံဖော်ဖန်တီး တည်ဆောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ပကတိအခြေအနေနှင့် အရှိတရားတို့အပေါ် အခြေခံပြီး လုပ်သင့်လုပ်ထိုက်သည်များကို ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလတွင် ကမ္ဘာ့နိုင်ငံငယ်များ၏ အနေအထားအရဖြစ်စေ၊ နိုင်ငံ၏ပကတိအခြေအနေအရဖြစ်စေ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အရေးအကြီးဆုံး အလိုအပ်ဆုံးအခြေအနေဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ထိုအခြေအနေသည် နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည်။ အလိုအပ်ဆုံး၊ အဖြစ်သင့်ဆုံး ထိုအခြေအနေကို အမျိုးသားရေးပန်းတိုင်၊ အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည်ကို နိုင်ငံသားအားလုံးက နားလည်လက်ခံပေးရန် လိုအပ်သည်။

စစ်အေးလွန်ကာလတွင် အင်အားကြီးနိုင်ငံအချို့က အင်အားနည်းနိုင်ငံငယ်များအပေါ် ၎င်းတို့အလိုကျ ပုံဖော်ဖန်တီးနိုင်ရန် နည်းလမ်းပေါင်းစုံ၊ ဗျူဟာပေါင်းစုံဖြင့် ချဉ်းကပ်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံ့စီးပွားရေး၊ ယဉ်ကျေးမှုပျက်သုဉ်းပါက နိုင်ငံသားများ၏ စိတ်ဓာတ်များပါ ပျက်ပြားပြီး ထိုမှတစ်ဆင့် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ်၊ အမျိုးဂုဏ်ကာကွယ်လိုသည့် စိတ်ဓာတ်များပါ ပျောက်ကွယ်သွားပြီး စည်းလုံးညီညွတ်မှုပျက်ပြားကာ ဩဇာခံနိုင်ငံအဖြစ်သို့ ရောက်ရှိသွားနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ဒီမိုကရေစီစကားကို ရေလဲသုံးပြီး ဩဇာလောင်းရိပ်အောက် သွတ်သွင်းမှုများကို သတိချပ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံအတွက် အရေးအကြီးဆုံးဖြစ်သည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး အရေးကြီးလျှင် သွေးစည်း၊ အရေးကြုံလျှင် သွေးဆုံကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၅-၂-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၆၀၀ | ၉၃၉ | ၈,၀၇၆,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၅၂၆ | ၄,၃၇၅,၄၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၁၀ | ၇၉,၀၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၁၇ | ၂၆,၃၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၁၀ | ၂၅,၀၀၀ |
| EFR | ၁,၉၀၀ | ၁,၉၀၀ | ၁၃ | ၂၄,၇၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၂၈ | ၁၃၁,၆၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၅၄၉ | ၉၆၀,၇၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့အခမ်းအနား တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**☆ ရှေ့ဖုံးမှ**

ဦးစွာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ တိုင်းမှူး ဗိုလ်ချုပ် စောသန်းလှိုင်နှင့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ် ထွန်းထွန်းဦးတို့က (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)က (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

**ဂုဏ်ပြုအမှာစကားပြောကြား**

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ် ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီး ချုပ်(ကြည်း)က (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ဂုဏ်ပြု အမှာစကား ပြောကြားရာတွင် ယနေ့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှု သမိုင်းကာလတွင် မြန်မာ့ တပ်မတော် စတင်ဖွဲ့စည်းခဲ့စဉ်က တပ်မတော်၏အစိတ်အပိုင်းတစ်ခု အဖြစ်ပါဝင်ခဲ့သည့် ဆက်သွယ်ရေး တပ်ဖွဲ့၏ (၇၅)နှစ်မြောက် စိန်ရတု နေ့ ရက်မြတ်အခါသမယပင်ဖြစ် ကြောင်း၊ တပ်မတော် စတင်တည် ထောင်ချိန်မှ ယနေ့ကာလအထိ ဆက်သွယ်ရေးတပ်ဖွဲ့ အနေဖြင့် "မြန်ရမည်၊ မှန်ကန်သေချာရမည်၊ လုံခြုံမှုရှိရမည်၊ အီလက်ထရောနစ် စစ်ဆင်ရေးကို အောင်မြင်စွာ ဆင်နွှဲ နိုင်ရမည်" ဆိုသည့် ဆောင်ပုဒ် အတိုင်း အကောင်းဆုံး ကျေပွန် အောင် စွမ်းဆောင်နိုင်ခဲ့ကြသည် ကို တွေ့ရှိရကြောင်း။

ဆက်သွယ်ရေးတပ်ဖွဲ့၏သမိုင်း ကြောင်းကို လေ့လာကြည့်ပါက ဒုတိယကမ္ဘာစစ်မတိုင်မီ လွတ်လပ် ရေးကြိုးပမ်းမှုကာလတွင် စတင် အခြေတည်ခဲ့သည်ကို တွေ့ရှိရ မည်ဖြစ်ကြောင်း၊ ၁၉၃၇ ခုနှစ် ပါကစ္စတန်နိုင်ငံတွင် ဖွင့်လှစ်သည့် ဆက်သွယ်ရေးသင်တန်း တက် ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာ သည့် စစ်သည် ၃၀ ကို အမာခံထား ကာ ၁၉၃၉ ခုနှစ်တွင် ယခုပြင်ဦးလွင် ဟုခေါ်သည့် မေမြို့တွင် မြန်မာ့ အချက်ပြ ဆက်သွယ်ရေးတပ် (Burma Signals)ကို စတင် ဖွင့်လှစ်ခဲ့ကြောင်း၊ လွတ်လပ်ရေး ရရှိပြီးနောက် ၁၉၄၈ ခုနှစ်အတွင်း တွင် အချက်ပြဆက်သွယ်ရေးတပ် ကို အချက်ပြဆက်သွယ်ရေး အတတ်သင်တပ်ခွဲ (မေမြို့)နှင့် အချက်ပြ ဆက်သွယ်ရေးတပ်ခွဲ (မင်္ဂလာဒုံ)အဖြစ် ပြင်ဆင်ဖွဲ့စည်း ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

လွတ်လပ်ရေး ရရှိပြီးနောက် ဖြစ်ပေါ်လာသည့် ပြည်တွင်း လက်နက်ကိုင် သောင်းကျန်းမှုများ သည် ၁၉၄၉ ခုနှစ် ဝန်းကျင်တွင် အဆိုးရွားဆုံး အခြေအနေအထိ ရောက်ရှိခဲ့ပြီး ရန်ကုန်အစိုးရဟုပင် ခေါ်ဆိုခံရသည့် အခြေအနေအထိ ဖြစ်ပေါ်လာခဲ့ရကြောင်း၊ ဆက် သွယ်ရေးစက်ပစ္စည်း အမြောက် အမြားဆုံးရှုံးခဲ့ပြီး ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်တွင် မြန်မာ ပြည်အနှံ့အပြား ဆက်သွယ်မှုများ ပြတ်တောက်သွားခဲ့ရကြောင်း။

**☆ တပ်မတော် စတင်တည်ထောင်ချိန်မှ ယနေ့ ကာလအထိ ဆက်သွယ်ရေးတပ်ဖွဲ့ အနေဖြင့် "မြန်ရမည်၊ မှန်ကန်သေချာရမည်၊ လုံခြုံမှု ရှိရမည်၊ အီလက်ထရောနစ်စစ်ဆင်ရေးကို အောင်မြင်စွာ ဆင်နွှဲနိုင်ရမည်"ဆိုသည့် ဆောင်ပုဒ်အတိုင်း အကောင်းဆုံး ကျေပွန် အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်ကို တွေ့ရှိရ**

ထိုသို့သော အခြေအနေတွင် ကျန်ရှိသည့် အချက်ပြဆက်သွယ် ရေး အရာရှိ၊ စစ်သည်အနည်းငယ် သည် ပျက်စီးဆုံးရှုံးခဲ့သည့် ဆက်သွယ်ရေး စက်ပစ္စည်းများကို မနားမနေ ကြိုးစားပြုပြင်ပြီး အဆက်အသွယ် ပြန်လည်ရရှိ အောင် ကြိုးပမ်းဆောင်ရွက်ခဲ့ ကြကြောင်း၊ ထို့ကြောင့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး ရေဒီယို ဆက်သွယ်မှုများ ပြန်လည်ရရှိခဲ့ ကြောင်း၊ တပ်မတော်တစ်ရပ်လုံး ဆက်သွယ်မှု ပြန်လည်ရရှိခဲ့သည့် ၁၉၄၉ ခုနှစ် ဖေဖော်ဝါရီ ၅ ရက် သည် ဆက်သွယ်ရေးတပ်ဖွဲ့၏ နေ့ထူးနေ့မြတ်ဖြစ်သည့်အတွက် "ဆက်သွယ်ရေးတပ်ဖွဲ့နေ့" အဖြစ် သတ်မှတ်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက် တိုးချဲ့ ဖွဲ့စည်းလာသည့် ဆက်သွယ်ရေး တပ်များကို ကွပ်ကဲနိုင်ရန်အတွက် ၁၉၅၆ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် အချက်ပြ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးကို စတင် ဖွဲ့စည်းခဲ့ပြီး ၁၉၅၈ ခုနှစ် ဇူလိုင် ၁ ရက်မှစတင်ကာ ဆက်သွယ်ရေး ညွှန်ကြားရေးမှူးရုံးအဖြစ် အမည် ပြောင်းလဲ သတ်မှတ်ခဲ့ကြောင်း။

ဆက်သွယ်ရေး တပ်ဖွဲ့သည် နိုင်ငံတော်အတွက် အရေးပေါ် အခြေအနေ ကြုံတွေ့လာသည့် အချိန်တိုင်း အဓိကပင်မတာဝန် ဖြစ်သည့် ဆက်သွယ်မှုမပြတ် တောက်စေရေး ဆောင်ရွက်ခြင်း သာမက **စာမျက်နှာ ၄ သို့ »»**



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ တိုင်းမှူးဗိုလ်ချုပ်စောသန်းလှိုင်နှင့် ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းဦးတို့က (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

»» စာမျက်နှာ ၃ မှ

ရုပ်သံလွှင့်ကဏ္ဍများတွင်လည်း ဝင်ရောက်ဆောင်ရွက်ပေးနိုင်သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

နိုင်ငံတော်၏ သဘာဝဘေးအန္တရာယ် ကျရောက်ခဲ့သည့် ၂၀၀၈ ခုနှစ် နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ၂၀၁၀ ပြည့်နှစ် ဂီရိဆိုင်ကလုန်းမုန်တိုင်းနှင့် ၂၀၂၃ ခုနှစ် မိုခါဆိုင်ကလုန်းမုန်တိုင်းဖြစ်စဉ်များတွင် ကူညီကယ်ဆယ်ရေးအဖွဲ့အသီးသီး၏ ကြီးကြပ်ကွပ်ကဲမှုလုပ်ငန်းများ အဆင်ပြေစေရေး အခက်အခဲများကြားမှ ဆက်သွယ်မှုရရှိအောင် စွမ်းစွမ်းတမံ ဆောင်ရွက်ပေးနိုင်ခဲ့သည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

**တစ်ဟုန်ထိုးတိုးတက်**

ဆက်သွယ်ရေး တပ်ဖွဲ့သည် တပ်မတော်အတွက် အရေးပါရုံသာမက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၀၁ ခုနှစ်တွင် မြန်မာနိုင်ငံ၏ ပထမဆုံး Fiber Optic Network ကိုတည်ဆောက်နိုင်ခဲ့ပြီး စစ်ဘက်၊ နယ်ဘက် နှစ်ရပ်လုံးတွင် အသုံးပြုနိုင်ခဲ့သည့်အတွက် Information Communication Technology ဟုခေါ်သည့် ICT ကဏ္ဍတွင် တစ်ဟုန်ထိုး တိုးတက်မြင့်မားလာခဲ့သည်ကိုတွေ့ကြရမည်ဖြစ်ကြောင်း။

ထို့အပြင် ဆက်သွယ်ရေးတပ်ဖွဲ့အနေနှင့် မျက်မှောက်ခေတ်စစ်ပွဲများတွင် မရှိမဖြစ်အရေးပါသည့် Electronic Warfare (EW) အောင်မြင်စွာ ဆင်နွှဲနိုင်ရေးအတွက်ကိုလည်း ကြိုးစားလေ့ကျင့်တည်ဆောက်နေသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

ဆက်သွယ်ရေးတပ်ဖွဲ့ဝင်အရာရှိ စစ်သည်များသည် (၇၅)နှစ်တာကာလအတွင်း အထက်ကပေးအပ်လာသည့် ရည်မှန်းချက်တာဝန်များကို ကျေပွန်အောင်မြင်အောင် ထမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် စည်သူဘွဲ့တစ်ဦး၊ ပြည်ထောင်စုဇာနည်ဘွဲ့တစ်ဦး၊ သီရိပျံချီဘွဲ့တစ်ဦး၊ ဇေယျကျော်ထင်ဘွဲ့ ခုနစ်ဦး၊ သူရဲကောင်းမှတ်တမ်းဝင် ၂၇ ဦး အပါအဝင် ဂုဏ်ထူးဆောင်တံဆိပ်၊ စီမံထူးချွန်တံဆိပ်၊ လူမှုထူးချွန်တံဆိပ်၊ စက်မှုစီးပွားထူးချွန်တံဆိပ်နှင့် နည်းပညာဆိုင်ရာ ဂုဏ်ပြုဆုရရှိသူ စုစုပေါင်း ၁၆၈ ဦး ရရှိခဲ့သည့် မှတ်တမ်းကောင်းများကိုလည်း ဂုဏ်ယူဖွယ်ရာ ပိုင်ဆိုင်ခဲ့ကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

**စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့**

ဆက်သွယ်ရေး တပ်ဖွဲ့သည် လွတ်လပ်ရေးကြိုးပမ်းမှု ကာလကပင် တပ်မတော်နှင့်အတူ ပေါက်ဖွားလာသည့် တပ်ဖွဲ့တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက်တွင်လည်း တိုင်းပြည်နှင့် လူမျိုးအကျိုး၊ တပ်မတော်၏အကျိုးကို စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ စိန်ရတုကာလ ပြည့်မြောက်ခဲ့သည့် ဆက်သွယ်ရေးတပ်ဖွဲ့အနေဖြင့် ရှေ့ဆက်၍ တပ်မတော်၏ အားထားရသည့် လက်ရုံးတပ်ဖွဲ့ဖြစ်အောင် အစဉ်အလာကောင်းများကို ထိန်းသိမ်းကာ တပ်မတော်အတွက် အသက်သွေးကြောပမာ အရေးကြီးသည့် ဆက်သွယ်မှုနည်းပညာများကို အရှိန်အဟုန်နှင့် ယခုထက်မက ပိုမိုဆောင်ရွက်နိုင်ကြပါစေကြောင်းနှင့် ဆက်သွယ်ရေးတပ်ဖွဲ့၏ (၇၅)နှစ်မြောက် စိန်ရတုတပ်ဖွဲ့နေ့မှသည် နောင်လာမည့် ရတုများစွာတိုင်အောင် ဆက်သွယ်ရေးတပ်ဖွဲ့ တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းဦးက ဆက်သွယ်ရေးတပ်ဖွဲ့ သမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းတင်ပြပြီး (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်း Documentary Video ကို ပြသသည်။ ထို့နောက် (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များက ဖျော်ဖြေတင်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ထံ ဆက်သွယ်ရေးညွှန်ကြားရေးမှူးက (၇၅)နှစ်မြောက် စိန်ရတုဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)က တက်ရောက်လာကြသည့် အငြိမ်းစားဆက်သွယ်ရေးတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး တက်ရောက် လာကြသူများနှင့်အတူ (၇၅)နှစ်မြောက်စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ် ပြခန်းများအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ ဂုဏ်ပြုသီချင်းဖြင့် ဆက်သွယ်ရေးတပ်ဖွဲ့ဝင်များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းထံ ဆက်သွယ်ရေးညွှန်ကြားရေးမှူး ဗိုလ်ချုပ်ထွန်းထွန်းဦးက (၇၅)နှစ်မြောက် စိန်ရတု ဆက်သွယ်ရေးတပ်ဖွဲ့နေ့ အထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်လာကြသည့် အငြိမ်းစားဆက်သွယ်ရေးတပ်ဖွဲ့ဝင် အရာရှိကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာအဆောက်အအုံ ဖွင့်ပွဲ အခမ်းအနားကျင်းပ

**တောင်ကြီး ဖေဖော်ဝါရီ ၅**

၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ကျရောက်မည့် (၇၇) နှစ်မြောက် ရှမ်းပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ အဆောက်အအုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ခပေါင်းရေကြည်ရပ်ကွက်ရှိ အဆိုပါအဆောက်အအုံ၌ ကျင်းပသည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့် သံမှူးကြီး ဒေါက်တာကျန်းကျိဟုန်တို့က ကမ္ပည်းမော်ကွန်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာဘရွှေနှင့် ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာ စိုးဝင်း၊ Jeng Phang နော်တောင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာဇော်မြင့်၊ ဒေါက်တာ အေးထွန်း၊ ဦးဇော်အေးမောင်၊ ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဲခေါင်-လန်ချန်း ပူးပေါင်း ဆောင်ရွက်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့(မြန်မာ) မှ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ နှင့် တိုင်းရင်းသား ညီအစ်ကို မောင်နှမများ တက်ရောက်ကြသည်။

ဦးစွာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာ သင်တန်းစင်တာ အဆောက်အအုံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ၊ ခွန်စံလွင်၊ ပြည်ထောင်စု ဝန်ကြီးများ ဖြစ်ကြသည့် ဦးမင်းသိန်းဇံ၊ ဒေါက်တာစိုးဝင်း၊ Jeng Phang နော်တောင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင် အောင်၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်၊ ဒုတိယ ဝန်ကြီး ဒေါက်တာဇော်မြင့်၊ ဒေါက်တာအေးထွန်း၊ ဦးဇော်အေး မောင်နှင့် ရှမ်းပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲချုပ်တင်ကိုကိုနှင့် တိုင်းရင်းသား ရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့် သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်တို့က ကမ္ပည်းမော် ကွန်းကျောက်စာကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြ၍ အမွှေးနံ့သာ ရည်ဖြင့် ပက်ဖျန်းပေးကြပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပ ရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေက ယနေ့အခမ်းအနားကျင်းပ လျက်ရှိသည့် ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာနှင့် သက်မွေး ပညာသင်တန်းစင်တာကို မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေနှင့် နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေဖြင့် တည်ဆောက် ခဲ့ခြင်းဖြစ်ကြောင်း၊ သင်တန်း စင်တာတွင် တိုင်းရင်း သားများ၏ စကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှုများ ဆွေးနွေးဖလှယ် ခြင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ရရှိစေရန် ဆောင်ရွက်ခြင်း၊ တိုင်းရင်းသား များ၏ အသိပညာများမြှင့်တင်ပေး ခြင်း၊ မျှဝေခြင်းစသည့် တိုင်းရင်း သား စည်းလုံးညီညွတ်ရေးကို ဆောင်ရွက်နိုင်ရန်နှင့် ရှမ်းပြည် နယ်အတွင်းရှိ တိုင်းရင်းသားများ အားလုံး လူမှုဘဝ ဖွံ့ဖြိုးတိုးတက် စေရေးအတွက် အထောက်အကူ ဖြစ်စေမည့် အသက်မွေးဝမ်း ကျောင်းပညာ သင်တန်းများ၊ တိုင်းရင်းသား ရိုးရာလက်မှုပညာ သင်တန်းများ စသည်တို့ကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက် များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ် ကြောင်း၊ တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော် ၏ ဖွံ့ဖြိုးတိုးတက်ရေးပင် ဖြစ်သည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများ အားလုံးနှင့် တိုင်းရင်းသား ပြည်သူများအား လုံးက ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာ ဘရွှေ၊ ခွန်စံလွင်၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒေါက်တာ စိုးဝင်း၊ Jeng Phang နော်တောင်၊ သံမှူးကြီး ဒေါက်တာ ကျန်းကျိဟုန်နှင့်တာဝန်ရှိသူများ တိုင်းရင်းသားရေးရာနှင့် သက်မွေးပညာသင်တန်းစင်တာ အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ယင်းနောက် ပြည်ထောင်စု ဝန်ကြီး Jeng Phang နော်တောင်က မိမိတို့ဝန်ကြီးဌာန သည် တိုင်းရင်းသားလူမျိုးများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေ ရေး ဆောင်ရွက်လျက်ရှိပြီး တိုင်း ဒေသကြီးနှင့် ပြည်နယ်အလိုက် တိုင်းရင်းသား ဒေသများတွင် လိုအပ်လျက်ရှိသည့် အသက်မွေး ဝမ်းကျောင်း ပညာသင်တန်းများ ကို ဖွင့်လှစ်ပို့ချပေးလျက်ရှိ ကြောင်း၊ ယခုရှမ်းပြည်နယ်တွင် စင်တာ အဆောက်အအုံကို တရားဝင် ဖွင့်လှစ်နိုင်ပြီဖြစ်သည့် အတွက် တိုင်းရင်းသားလူငယ်များ အတွက် ကွန်ပျူတာသင်တန်း၊ မော်တော်ဆိုင်ကယ် စက်ပြင် သင်တန်းနှင့် ဒေသနှင့်ကိုက်ညီ သင့်မြတ်လျော်ကန်မည့် သက်မွေး ပညာကာလတို သင်တန်းများကို နှစ်စဉ် ဖွင့်လှစ်ပို့ချပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် သံမှူးကြီး ဒေါက်တာကျန်းကျိဟုန် တို့က အမှာစကား ပြောကြားကြ ပြီး ဒုတိယဝန်ကြီး ဦးဇော်အေး မောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် စင်တာအဆောက် အအုံကို တာဝန်ယူတည်ဆောက် ပြီးစီးခဲ့သည့် မိုးယံဝင့်ချီကုမ္ပဏီ လီမိတက်မှအကြံပေးအင်ဂျင်နီယာ ဦးဘငြိမ်းက တိုင်းရင်းသား အခွင့် အရေးများ ကာကွယ်စောင့်ရှောက် ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ် ဦးမင်းအေးကိုထံ စင်တာ အဆောက်အအုံဆိုင်ရာ အချက် အလက်များကို လွှဲပြောင်းပေးအပ် သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် သင်တန်း စင်တာ ပင်မလေးထပ်ဆောင် အဆောက်အအုံ အတွင်းရှိ သင်တန်းသူ သင်တန်းသား အိပ်ဆောင်များ၊ စာသင်ခန်းများ၊ အလုပ်ရုံများနှင့် ထမင်းစားဆောင် တို့ကို လှည့်လည်ကြည့်ရှုကြပြီး မော်တော်ဆိုင်ကယ် စက်ပြင် သင်တန်းမှ နည်းပြများနှင့် သင်တန်းသားများကို ရင်းရင်း နှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေ၊ ခွန်စံလွင်နှင့်တာဝန်ရှိသူများ မော်တော်ဆိုင်ကယ်စက်ပြင်သင်တန်းမှ နည်းပြများနှင့် သင်တန်းသားများကို ရင်းရင်းနှီးနှီးတွေ့ဆုံစဉ်။

ပြည်ထောင်စုနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# ငြိမ်းချမ်းရေး အဓိပတိလေးပါး ....

မိုးမြင့်

အားလုံးဟာတိုင်းရင်းသားချင်း ညီရင်းအစ်ကိုမောင်ရင်းနှမတွေပါပဲ။ ပြည်ထောင်စုဖွား သွေးရင်းသားရင်းတွေပါ။ ပြည်ထောင်စုစိတ်ဓာတ်မှာ ဘယ်လူမျိုး၊ ဘယ်မျိုးစုကမှ မကြီးစိုး၊ ကြီးစိုးခွင့်လည်းမရှိ။ လူမျိုးကြီးဝါဒဟူ၍လည်း မကျင့်သုံး၊ မိသားစုလို သဘောထား၊ မိတ်ဆွေလိုချစ်ခင်ကြသလို အားလုံးက ချစ်ချစ်ခင်ခင် သဘောထားပါတယ်။ အသိုက်အမြုံတစ်ခုတည်းကမို့ အနိုင်ကျင့်လိုတဲ့စိတ်မရှိ၊ အားနည်းသူကို အကူအညီပေး ဖေးမ၊ အေးအတူပူအမျှသဘောထား တန်းတူရည်တူရှိအောင် ဆောင်ရွက်ပေးတာပဲရှိပါတယ်။

### ယခုလိုအချိန်မှာ အခြေခံဥပဒေ ဘောင်အတွင်းကသာ

အားလုံးက ညီညွတ်ကြ၊ စည်းလုံးကြရင် ခရီးရောက်မှာပဲပေါ့။ ယခုအချိန်အခါ၊ ယခုလိုအခြေအနေမှာ အမျှတဆုံး အသင့်တော်ဆုံးဟူ၍ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး တစ်ခုကိုပဲ အားကိုးနေရမှာ။ ပြည်ထောင်စုကြီးမပြိုကွဲအောင်လည်း ဒီ ၂၀၀၈ ပဲ။ တို့ တိုင်းရင်းသားအချင်းချင်းစည်းလုံးကြဖို့ကလည်း ဒီဖွဲ့စည်းပုံပဲ။ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲ မကျိုးပျက်အောင်လည်း ဒီပင်မဥပဒေကြီးကပဲ ထိန်းထားပေးတာ။ ဒီစာအုပ်ကြီးထဲမှာပဲ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်အားလုံးပါတယ်။

တိုင်းရင်းသား တန်းတူရည်တူ အခွင့်အရေးတွေပါတယ်။ တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသအားလုံးအတူတူ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နဲ့ ကိုယ်ပိုင်လုပ်ပိုင်ခွင့်ပေးထားပြီးဖြစ်တယ်။ ထိထိရောက်ရောက် မကျင့်သုံးနိုင်ကြလို့သာ၊ ဒါကြောင့်လည်း အနာခံပြီး ဒီဥပဒေကြီးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နေရတာ၊ ဘာမှမမြဲတဲ့ သဘောတရားတစ်ခုမို့ အတိုင်းအတာတစ်ခုအထိပေါ့။ ကိုယ်လိုချင်တာ ကိုယ်ပြင်ချင်တာရှိရင် နိုင်ငံရေးပါတီထောင်၊ လူထုကြိုက်အောင်လုပ်၊ ရွေးကောက်ခံဖြစ်အောင်လုပ်၊ လွှတ်တော်ထဲဝင်၊ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံအတွက် အများကြီးလုပ်လို့ရပါတယ်။ ပေးထားချက်ကိုယူ၊ ဖွင့်ထားတဲ့လမ်းမှာ လွယ်လွယ်ကူကူ ရိုးရိုးရှင်းရှင်းလေး ညင်ညင်သာသာလေး လျှောက်လှမ်းရုံသာ။ ဘာဖြစ်လို့ သွေးညှီနံ့တသင်းသင်းနဲ့ သွေးခင်းတဲ့လမ်းကို လျှောက်ကြမလဲ။ သွေးစွန်းတဲ့လမ်းကို ဘာလို့ရွေးမလဲ၊ လက်နက်ကိုင်တယ်ဆိုတာ ပြည်သူကို ကာကွယ်ဖို့မဟုတ်ရင် အဖျက်သက်သက်ပဲဆောင်မယ်။ ဒါဆို လူမိုက်ဖြစ်သွားပြီ။ လူမိုက်နဲ့လက်နက်ကိုင်လမ်းစဉ် ဘယ်ပြည်သူ ဘယ်တိုင်းရင်းသားကမှ မကြိုက်၊ စဉ်းစားပါ။ အားလုံးနစ်နာစရာ၊ ရှုံးစရာမို့ ဘယ်သူမှမကြိုက်ပါဘူး။

### ဩဇာအာဏာဟူသည် ခေါင်းဆောင်မှုနှင့်သာ တည်ဆောက်၍ရ

ဩဇာအာဏာဆိုတာ လက်နက်ကိုင်အဖျက်လုပ်ရပ်နဲ့ ထူထောင်လို့မရပါဘူး၊ မိမိရဲ့ ခေါင်းဆောင်မှုနဲ့သာ တည်ဆောက်လို့ရပါတယ်။ ခေါင်းဆောင်မှုဆိုရာမှာ စေတနာ၊ တာဝန်ယူမှု၊ ပညာဉာဏ်နဲ့တကွ အမြော်အမြင်ရှိမှုတွေပါဝင်နေတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ တိုးတက်စေလိုတဲ့စေတနာက မရှိ၊

> ❝ ဩဇာအာဏာဆိုတာ လက်နက်ကိုင်အဖျက်လုပ်ရပ်နဲ့ ထူထောင်လို့မရပါဘူး၊ မိမိရဲ့ခေါင်းဆောင်မှုနဲ့သာ တည်ဆောက်လို့ရပါတယ်။ ခေါင်းဆောင်မှုဆိုရာမှာ စေတနာ၊ တာဝန်ယူမှု၊ ပညာဉာဏ်နဲ့တကွ အမြော်အမြင်ရှိမှုတွေပါဝင်နေတယ်။ ကိုယ့်လူမျိုး၊ ကိုယ့်ဒေသ တိုးတက်စေလိုတဲ့စေတနာက မရှိ၊ ဖြစ်လာသမျှအားလုံး တာဝန်ယူမှုမရှိ၊ အကြောက်တရားနဲ့ လက်နက်ကိုင်ခြိမ်းခြောက်တတ်ရုံလောက်နဲ့ လူပီသတဲ့ခေါင်းဆောင် ဘယ်ဖြစ်နိုင်ပါ့မလဲ။ ပညာဉာဏ်ကြီးတဲ့သူဆို ဒီလောက်တော့ သိဖို့ကောင်းပါတယ် ❞

ဖြစ်လာသမျှအားလုံး တာဝန်ယူမှုမရှိ၊ အကြောက်တရားနဲ့ လက်နက်ကိုင်ခြိမ်းခြောက်တတ်ရုံလောက်နဲ့ လူပီသတဲ့ခေါင်းဆောင် ဘယ်ဖြစ်နိုင်ပါ့မလဲ။ ပညာဉာဏ်ကြီးတဲ့သူဆို ဒီလောက်တော့သိဖို့ကောင်းပါတယ်။

ကိုယ့်ဒေသအကျိုး၊ ကိုယ့်လူမျိုးအကျိုး အမှန်လိုလား၊ တကယ်စေတနာထားတဲ့သူဆို လက်နက်ပြ၊ အတင်းအဓမ္မ လိုက်လံစည်းရုံးနေစရာမလို၊ ခြိမ်းခြောက်စရာမလို အလိုလို ကိုယ့်နောက်ပါလာမှာပါ။ ကိုယ့်တိုင်းရင်းသားပိုင်၊ ကိုယ့်ပြည်သူပိုင် ဥစ္စာပစ္စည်း ခိုးဆိုးလုယက်ယူဆောင်နေတာ ဘယ်သူကကြိုက်မလဲ၊ မူးယစ်ဆေးထုတ် နေရာအနှံ့ဖြန့် ဘယ်နိုင်ငံကကြိုက်မလဲ၊ အပြစ်မဲ့ပြည်သူ၊ ဝန်ထမ်း၊ သံဃာတွေသတ်ဖြတ်နေတဲ့ လုပ်ရပ်ဆိုး ဘယ်သူကြိုက်မလဲ။ စစ်ဖြစ်လို့ ကိုယ့်ရပ်ရွာ ကိုယ့်နေအိမ်ကနေ စွန့်ခွာရတာ ဘယ်သူနှစ်သက်မလဲ၊ အိမ်တွေ၊ ရွာတွေ၊ ကျောင်းတွေ၊ ဈေးတွေ၊ ဘုရားတွေ စေတီပုထိုးတွေဖြိုချ ဖျက်ဆီးမီးရှို့လုပ်ရပ်တွေ စဉ်းစားကြည့်ပါ၊ တော်ရုံတန်ရုံစိတ်ဓာတ်နဲ့တော့ ဘယ်သူမှ မလုပ်နိုင်ပါဘူး။

### အဖျက်နှင့်အပြုအကြား အစဉ်ပေးဆပ်နေသူဟူသည်

ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူတွေရဲ့ တောက်ပတဲ့ မျှော်လင့်ချက်တွေနေရာမှာ ယခုလို စိုးရိမ်သောကပူပန်မှုတွေက နေရာယူလာနိုင်တာဟာ အလွန်ဝမ်းနည်းစရာ ကောင်းပါတယ်။ သမိုင်းဝင်နေ့ထူးနေ့မြတ်များ ရောက်တိုင်းလည်း ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ မျှော်လင့်ချက်တွေနဲ့ မျှဝေဖြစ်တယ်၊ ကိုယ့်နိုင်ငံ ကိုယ်တန်ဖိုးထား၊ ကိုယ့်တိုင်းရင်းသားကို အစဉ်လေးစားချစ်ခင်စိတ်နဲ့ ယုံကြည်မှုမပျက် တောင်းဆိုဖြစ်တာတွေလည်းရှိပါတယ်။ အားလုံးနည်းတူ ငြိမ်းချမ်းရေးကိုလိုချင်လို့ပါ။ ပြည်ထောင်စုကြီးအတွင်း ဥမကွဲသိုက်မပျက် အတူနေချင်ကြလို့ပါ။

ဖျက်နေတဲ့သူနဲ့ တည်ဆောက်နေတဲ့သူကိုတော့ ကွဲကွဲပြားပြားသိကြတယ်။ နယ်စွန်နယ်ဖျားမကျန် ပဋိပက္ခအတွင်း ရောက်ရတဲ့ဒေသခံတွေဆို ပိုသိကြတာပေါ့။ အဖျက်ဆီးခံရပြီး အိုးမဲ့အိမ်မဲ့ တိုင်းရင်းသားတွေကို အစားအသောက် ဆေးဝါး ရိက္ခာ တတ်နိုင်သမျှ လှူဒါန်းနေကြသူတွေ၊ ပြန်လည်ထူထောင်ပေးသူတွေဟာ ဘယ်သူတွေဆိုတာ ကိုယ်တိုင်ဒုက္ခခံစားရတဲ့ တိုင်းရင်းသားတွေက ပိုသိကြတယ်၊ ပိုနားလည်ကြတယ်။ ဒီလို ဒုက္ခရောက်တဲ့ တိုင်းရင်းသားတွေကို စာနာလို့လည်း တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို မပျက်အောင် ကာကွယ်နေတာပေါ့၊ ပါတီစုံ ဒီမိုကရေစီလမ်းကြောင်းကနေ မယိမ်းယိုင်အောင် စောင့်ရှောက်၊ ဖက်ဒရယ်အိပ်မက်မျှော်လင့်ချက်ကို ပေးနေတာပဲပေါ့။ ဒီစနစ်၊ ဒီလမ်းကြောင်း၊ ဒီအတိုင်းသွားချင်နေတဲ့ ပြည်သူစစ်စစ်တွေရဲ့ မျှော်လင့်ချက်ကို တပ်မတော်ကပိုသိလို့ ပေးဆပ်မှုတွေနဲ့ ပေးအပ်နေတာပဲဖြစ်တယ်။

### အကြမ်းဖက်နှင့် အလုံးစုံပျက်သုဉ်းရေးသို့သာ

ယခုလို ပြည်သူနဲ့တပ်မတော်ရဲ့လိုလားချက်ကို မသိတာ၊ သိလျှက်နဲ့ မသိချင်ယောင်ဆောင်တာ၊ သိသိကြီးနဲ့ တမင်ဖျက်ဆီးတာ စတဲ့အကြမ်းဖက်အဖျက်အားလုံးရဲ့ နောက်ကွယ်ကရှိပြီး တကယ့်အစီအမံကိုလည်း ချပြလိုပါတယ်။ အလုံးစုံပျက်သုဉ်းရေးဆိုတဲ့အစီအမံပါပဲ။ အဖျက်သမားတွေအတွက် ယနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးဟာဖြင့် သူတို့ရဲ့ ပျက်သုဉ်းရေးအစီအမံမှာ အဓိကအဟန့်အတားကြီးဖြစ်နေပါတယ်။ တိုင်းပြည်မှာ မျှမျှတတဖြစ်သွားမှာကို မလိုလားတာကြောင့် ဖျက်ချင်ကြတယ်။ ပါတီစုံလည်း မလိုလား၊ ဒီမိုကရေစီလည်း မဟုတ်ပြန်၊ ဖက်ဒရယ်ဖြစ်လာမှာလည်း ကြောက်နေကြတယ်။

ယနေ့ တပ်မတော်က ဦးဆောင်ဖောက်လုပ်နေတဲ့လမ်းကြောင်းမှာ ငြိမ်းချမ်းရေးအတွက် အာမခံချက်တွေဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပါတီစုံဒီမိုကရေစီနဲ့ ဖက်ဒရယ်ဆိုတာတွေက သူတို့အတွက် ခလုတ်တံသင်းတွေပါပဲ။ သူတို့ကျင့်သုံးမှာက အချင်းချင်း နယ်မြေလု၊ အားနည်းသူဆို အနိုင်ကျင့်၊ စစ်ဘုရင်၊ စစ်အာဏာရှင်ဝါဒ ထူထောင်ရန်သာ၊ ဒီလို ကျင့်သုံးနေကြောင်းလည်း လက်တွေ့ဖြစ်ရပ်တွေက ပြသနေတယ်။ လက်နက်အားကိုး နယ်မြေလုပြီး သူတို့စိုးမိုးတဲ့နေရာမှာ ဗမာမလာရ၊ ဗမာမရှိရ၊ ရှမ်းမလာရ စသဖြင့် မင်းမဲ့စရိုက်ဆန်ဆန်၊ သူတို့ကျင့်သုံးချင်တာက အကြမ်းဖက်အမွေ၊ စီးပွားရေးက ဘိန်း/ မူးယစ်ကုန်ကူးလုပ်ငန်းနဲ့ မူးယစ်ရာဇဝတ်၊ ဆက်ကြေးကောက်၊ အွန်လိုင်းငွေလိမ် လက်နက်ဝယ်ရောင်းဖြန့် ဒီလုပ်ငန်းတွေပဲလုပ်တတ်တဲ့ဘဝတွေမို့ ဒီလမ်းကြောင်းပဲ ရွေးတတ်ကြတာ မဆန်းပါ။

### အရေးသုံးပါးအောက်မှာ အားလုံးဘုံရည်မှန်းချက် တစ်ခုသာ

ပြည်ထောင်စုနေ့ အခါသမယရောက်ပြန်တော့လည်း ပြည်ထောင်စုစိတ်ဓာတ်နဲ့ ညီအစ်ကိုမောင်နှမ၊ မိသားစုစိတ်လေးနဲ့ လမ်းလွဲနေသူတွေကို ပြန်လာစေချင်တယ်၊ သွေးပေတဲ့လက်နက်တွေ စွန့်ခဲ့စေချင်တယ်။ တချို့တိုင်းရင်းသားခေါင်းဆောင်တွေဆိုရင် အသက်တွေလည်းကြီးနေပါပြီ။ အဖျက်လုပ်ရပ်တွေကို တားရဆီးရမယ့်အရွယ်တွေရောက်နေပါပြီ၊ အနာဂတ်မျိုးဆက်အတွက် စဉ်းစားရမယ့်အရွယ်တွေ ဖြစ်နေပါပြီ။ ငြိမ်းချမ်းရေးရဖို့ ငါတို့မှာ တာဝန်ရှိတယ်ဆိုတဲ့ မှန်ကန်တဲ့အမြင်လေးနဲ့ ယခုမျိုးဆက်မှာ ပြတ်အောင်ဖြတ်ရင်ရပါတယ်။ စေတနာနဲ့ တာဝန်ယူစိတ်လေးရှိဖို့တစ်ခုသာ လိုပါတယ်။ အခြေအနေမတူလို့၊ သမိုင်းကြောင်းတွေမတူလို့ မတူကွဲပြားမှုဆိုတာ ဘယ်နေရာ၊ ဘယ်ဝန်းကျင်မှာမဆို ရှိစမြဲပါ။ ဒီအချက်ကို လက်ခံပြီးသားပါ။ တူညီရမှာက အရေးသုံးပါးအောက်မှာ ငြိမ်းချမ်းရေးရကိုရရမယ်ဆိုတဲ့ ဘုံရည်မှန်းချက် တစ်ခုပါပဲ၊ လုံးဝ ပြည်ထောင်စုကြီးပြိုကွဲသွားလို့ မဖြစ်ပါဘူး၊ တိုင်းရင်းသားအားလုံး စည်းစည်းလုံးလုံး ညီညွတ်နေကြရမယ်၊ အချုပ်အခြာ အာဏာကိုလည်း တစ်စွန်းတစ်စမျှ အပွန်းပဲ့ခံလို့မဖြစ်ပါ၊ အားလုံးအတွက်စဉ်းစားပြီး ဒီတာဝန်တွေမှာ တူကိုတူညီရပါမယ်။

သဘောသဘာဝချင်းမတူတာကို လက်ခံပြီး ဘုံရည်မှန်းချက်ချင်းတူကြရင်.. အချင်းချင်းတွေပဲ ယုံကြည်ပေးလို့ရ၊ နားလည်မှုပေးလို့ရပါတယ်။ အားလုံးငြိမ်းချမ်းဖို့ဆိုတဲ့ ပြင်းပြတဲ့ဆန္ဒနဲ့အတူ အမုန်းတွေ၊ အာဃာတတွေကို ဖြေဖျောက်ပေးလို့လည်း ရပါတယ်။ ငြိမ်းချမ်းရေးရယူလိုတဲ့ ပြင်းပြတဲ့ဆန္ဒအပေါ်မှာ ဘာသာ၊ သာသနာနဲ့ ကိုယ့်လူမျိုး၊ ကိုယ့်နိုင်ငံကိုချစ်တဲ့ ထက်သန်စစ်မှန်တဲ့မျိုးချစ်စိတ်၊ မပြတ်အားထုတ်လိုတဲ့ ဝီရိယစွမ်းအား၊ ပညာဉာဏ်ပါတဲ့ညှိနှိုင်းပူးပေါင်းမှုတွေသည် ငြိမ်းချမ်းခြင်းရဲ့ အဓိပတိတွေပါပဲ။

> ❝ ဖျက်နေတဲ့သူနဲ့ တည်ဆောက်နေတဲ့သူကိုတော့ ကွဲကွဲပြားပြား သိကြတယ်။ နယ်စွန်နယ်ဖျားမကျန် ပဋိပက္ခအတွင်းရောက်ရတဲ့ဒေသခံတွေဆို ပိုသိကြတာပေါ့။ အဖျက်ဆီးခံရပြီး အိုးမဲ့အိမ်မဲ့တိုင်းရင်းသားတွေကို အစားအသောက် ဆေးဝါး ရိက္ခာ တတ်နိုင်သမျှ လှူဒါန်းနေကြသူတွေ၊ ပြန်လည်ထူထောင်ပေးသူတွေဟာ ဘယ်သူတွေဆိုတာ ကိုယ်တိုင်ဒုက္ခခံစားရတဲ့ တိုင်းရင်းသားတွေက ပိုသိကြတယ်၊ ပိုနားလည်ကြတယ်။ ဒီလို ဒုက္ခရောက်တဲ့ တိုင်းရင်းသားတွေကို စာနာလို့လည်း တပ်မတော်က ဖွဲ့စည်းပုံအခြေခံဥပဒေကြီးကို မပျက်အောင်ကာကွယ်နေတာပေါ့၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းကနေ မယိမ်းယိုင်အောင်စောင့်ရှောက်၊ ဖက်ဒရယ်အိပ်မက်မျှော်လင့်ချက်ကို ပေးနေတာပဲပေါ့။ ဒီစနစ်၊ ဒီလမ်းကြောင်း၊ ဒီအတိုင်းသွားချင်နေတဲ့ ပြည်သူစစ်စစ်တွေရဲ့ မျှော်လင့်ချက်ကို တပ်မတော်ကပိုသိလို့ ပေးဆပ်မှုတွေနဲ့ ပေးအပ်နေတာပဲဖြစ် ❞

စာမျက်နှာ ၇ သို့ ◆

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂလူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Sajjad Mohammad Sajid ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဖေဖော်ဝါရီ ၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး(UNOCHA)၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Sajjad Mohammad Sajid ကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သွားရောက်ရန်ခက်ခဲသည့် နေရာဒေသများရှိအကူအညီလိုအပ်သည့် ပြည်သူများထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးအပ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်ပေးရေးနှင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား လူသားချင်းစာနာမှု အကူအညီပေးရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ အမြင်ချင်း ဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် UNOCHA ရုံး၏ ဒုတိယအကြီးအကဲများဖြစ်သည့် Ms. Danielle Parry နှင့် Ms. Kyoko Ono တို့ တက်ရောက်ကြသည်။ **သတင်းစဉ်**

# သံအမတ်ကြီး ဦးအောင်ကို လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဖေဖော်ဝါရီ ၅

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးအောင်ကိုသည် ၎င်း၏ခန့်အပ်လွှာကို ယနေ့တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့ရှိအမျိုးသားလွှတ်တော်၌ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ သောင်းလွန်း စီဆိုလစ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်ကြောင်းသိရသည်။

**သတင်းစဉ်**



# ပန်းတနော်မြို့ လူထုအခြေပြုဗဟိုဌာန၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်လှစ်

ပန်းတနော် ဖေဖော်ဝါရီ ၅

ဧရာဝတီ တိုင်းဒေသကြီး ပန်းတနော်မြို့နယ်၌ မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက လူထုအခြေပြုဗဟိုဌာန ရွှေနော်သီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အမှာစကားပြောကြားပြီး မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဆွေဇင်အေးက သင်တန်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



လူသုံးကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်း ဖွင့်လှစ်ပေးရခြင်း

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းတွင် ဆပ်ပြာရည်အမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ ဆပ်ပြာခဲ၊ လက်သန့်ဆေးရည်၊ Body Scrub စသည့် ပြုလုပ်နည်းများကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ သင်တန်းသား ၂၀ အား စာတွေ့၊ လက်တွေ့ ဖွင့်လှစ် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည့်ဖြိုးကျော်(ပြန်/ ဆက်)**

# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စံပယ်လမ်းတိုးချဲ့ကတ္တရာလမ်းဖွင့်

မိုးနဲ ဖေဖော်ဝါရီ ၅

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော Clean & Green လုပ်ငန်းတစ်ရပ်ဖြစ်သည့် လွယ်ပြေရပ်ကွက်ရှိ စံပယ်လမ်းတိုးချဲ့ကတ္တရာလမ်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းမုခ်ဦးနေရာ၌ ကျင်းပသည်။

ဦးစွာ တိုးချဲ့ကတ္တရာလမ်းမုခ်ဦးကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းအောင်၊ ဝဏ္ဏကျော်ထင် ဦးစိုင်းမျိုးသန့်၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးခွန်မောင်ဟိန်းနှင့် မြို့မိမြို့ဖ ဦးစိုင်းထွန်းလှတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ စံပယ်လမ်းကို မူလအကျယ် ၁၂ ပေမှ ဝဲ/ယာ တစ်ဖက်နှစ်ပေစီလမ်းသားချဲ့ထွင်ခြင်း စုစုပေါင်း လမ်းအကျယ် ၁၆ ပေ၊ လမ်းအရှည် ပေ ၂၀၀၀ အား ထပ်ပိုးလွှာခင်းခြင်းကို ရန်ပုံငွေ ၆၆ ဒသမ ၂၈၀ သန်းဖြင့် ရွှေကျားအိမ်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**



**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

◆ **စာမျက်နှာ ၆ မှ**

ဒီမောင်းနှင်အားတွေကို စွဲမြဲစွာ ဆွဲကိုင်ထားရင် တိုင်းရင်းသားတွေအကြား ခိုင်မာတဲ့သံယောဇဉ်ဖြစ်လာပြီး ငြိမ်းချမ်းခြင်းရဲ့ရန်သူဖြစ်တဲ့ အတ္တနဲ့ မာန်မာန အဆိုးသံသရာကိုလည်း ဖြတ်တောက်ပစ်နိုင်ပါလိမ့်မယ်။

**ပညာဉာဏ်ပါသော စေ့စပ်ညှိနှိုင်းမှုဖြင့်သာ**

အမုန်းတွေလျော့၊ ယုံကြည်မှုတွေတိုးလာရင် တန်ဖိုးထားလေးစားမှုတွေ ပိုလာတာ လူ့သဘာဝပဲလေ၊ တန်ဖိုးထားလေလေ ပို၍လေးစားမှုရှိလေလေပါ။ ထိုအခါ သူ့အယူအဆ၊ ကိုယ့်အယူအဆ၊ သူ့မှု ကိုယ့်မှု အပြန်အလှန် လက်ခံနိုင်စွမ်းရှိလာကြမယ်။ အပြန်အလှန် အသိအမှတ်ပြုလာနိုင်မယ်။ ဒီလိုရလဒ်မျိုးက အချိန်တော့ယူရမယ်၊ အခါမလပ် စားပွဲဝိုင်းကတစ်ဆင့်ပဲရနိုင်မယ်။ ဒါကြောင့်လည်း NCA ကို အပျက်မခံ၊ ငြိမ်းချမ်းရေး လေသံတစ်စက်ကလေးမှမလျော့၊ အကြိမ်ကြိမ် အခါခါ စားပွဲဝိုင်းဆီ ဖိတ်ခေါ်နေတာပေါ့။

ငြိမ်းချမ်းရေးစားပွဲဝိုင်းဆိုတာမှာလည်း ပညာနဲ့ ယဉ်ကျေးမှုအပေါ် တည်နေပြန်တယ်၊ ပညာဆိုတာ ညှိနှိုင်းမှုပညာ၊ မဖြစ်နိုင်ဖွယ်ရာတွေကနေ ဖြစ်နိုင်တာတွေကို ညှိညှိနှိုင်းနှိုင်းနဲ့ အဖြေရှာနိုင်တဲ့စွမ်းရည်၊ လူမိုက်မဆန်တဲ့ ယဉ်ကျေးသူတွေရဲ့ အလုပ်ဆိုတော့ အများကြီးအချိန်ယူရပါတယ်။ **တာဝန်ယူတာဝန်ခံမှုတွေရှိလာမယ်၊ သည်းခံခြင်း၊ ကိုယ်ချင်းစာခြင်းတွေနဲ့ အပေးအယူ၊ အလျှော့အတင်းတွေရှိမယ်၊ အတ္တထက် ပရစိတ်ထားကို အခြေခံမယ်၊ ကိုယ်ဘာရမယ်ဆိုတာထက် ကိုယ့်ဘက်က ဘာပေးရမလဲဆိုတဲ့ တန်းတူညီမျှစိတ်ထား အားလုံးရှိကြမှသာ အဆင်ပြေနိုင်မှာဖြစ်တယ်၊ ဒါကြောင့်လည်း စေ့စပ်ညှိနှိုင်းမှုတစ်ခုကို ဉာဏ်ပညာနဲ့ယှဉ်ပြီး အားလုံးအတွက် မျှတတဲ့သူလည်း အနိုင် ကိုယ်လည်းအနိုင်ဖြစ်စေတဲ့ ငြိမ်းချမ်းရေးကို အောင်ပွဲတစ်ခုအနေနဲ့ သမုတ်ကြတာပေါ့။**

အထက်ပါ ဆန္ဒ၊ စိတ်ဓာတ်၊ ဝီရိယ၊ ပညာဆိုတဲ့ အဓိပတိလေးပါး မခိုင်ရင် ပြည်ထောင်စုကြီးလည်း ယိုင်နဲ့ပါတယ်။ အဖျက်နဲ့အပြုအကြား တည်ငြိမ်အေးချမ်းရေး ဦးစားပေးပြီး အပြုသဘောနဲ့ ထိန်းသိမ်းကာကွယ်ရင်း အရှိန်မပျက် တည်ဆောက်ပြုပြင်နေရပါတယ်။ အပျက်သဘောတွေကြောင့် ပျက်စီးသွားတဲ့အရာအားလုံး ပြန်လည်ထူထောင်ဆဲပါ။ အားလုံးလက်တွဲကြရင်တော့ ပိုပြီးလွယ်လွယ်ကူကူပြီးမြောက်မှာပေါ့။ အားလုံးညီညွတ်ကြရင်တော့ အောင်အောင်မြင်မြင်ဖြစ်မှာ မလွဲပါဘူး။ မညီညွတ်ရင်တော့ နိုင်ငံနဲ့လူမျိုး အကျိုးစီးပွားပျက်မယ်၊ တစ်ပါးနိုင်ငံတွေရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး ဩဇာလွှမ်းခံရမယ်၊ အချုပ်အခြာ ချိုးဖောက်ခံရမယ်၊ ဘာသာ၊ ယဉ်ကျေးမှု၊ လူမျိုး ဝါးမြိုခံရမယ်။

လိုရင်းက အမျိုးသားအကျိုးစီးပွားပါပဲ။ အမျိုးသားအကျိုးစီးပွားရှင်သန်မှ နိုင်ငံနဲ့ လူမျိုးလည်း အဓွန့်ရှည်တည်တံ့မှာ။ ဖိအားဒဏ်ခံနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်လည်း ရေးမိပါတယ်၊ အခက်အခဲများကြားက ငြိမ်းချမ်းရေးခေါ်သံတစ်ခုအဖြစ်.. ခံယူဖြစ်မယ်ဆိုရင်တော့ ရေးရကျိုးလည်းနပ်မှာပါ။ ဘာပဲဖြစ်ဖြစ် တစ်ထောင့်တစ်နေရာက ပါဝင်လိုက်ရတာကိုပဲ တာဝန်ကျေပွန်တယ်လို့ ခံစားမိပါတယ်။ ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကို ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုသည် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။



**သမိုင်းတင်ရမည့်ရွေးကောက်ပွဲ**

တွေ့ဆုံစဉ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပဉ္စမမြောက် ရှေ့လုပ်ငန်းစဉ်တွင်ပါဝင်သည့် "လွတ်လပ်ပြီးတရားမျှတသောပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ"ကို ကျင်းပပေးရမည်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲသည် သာမန်အထွေထွေ ရွေးကောက်ပွဲနှင့်မတူဘဲ ၂၀၂၀ ပြည့်နှစ်တွင် အမည်ပျက် သိက္ခာကျခဲ့ရသော ရွေးကောက်ပွဲ ဂုဏ်သိက္ခာကို ပြန်လည်ဆယ်တင်သည့် ရွေးကောက်ပွဲ၊ မဲဆန္ဒရှင်များနှင့် နိုင်ငံရေးပါတီများ၏ ယုံကြည်မှုကို ပြန်လည်ရယူရမည့် ရွေးကောက်ပွဲဖြစ်ခြင်းကြောင့် သမိုင်းတင်ရမည့် ရွေးကောက်ပွဲဖြစ်ကြောင်း။

ရွေးကောက်ပွဲ ဆိုသည်မှာ ကော်မရှင်၊ ပါတီနှင့် မဲဆန္ဒရှင်တို့ အပြန်အလှန် ဆက်သွယ်ယှက်နွှယ်နေသည့်အလုပ် ဖြစ်ပါကြောင်း၊ ကော်မရှင်က လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ ဖြစ်မြောက်ရေး၊ ပါတီများကို ဥပဒေနှင့်အညီ ကူညီရေး၊ ထိန်းကျောင်းရေး၊ မဲဆန္ဒရှင်များကို မီဒီယာမှတစ်ဆင့် ပညာပေးလှုံ့ဆော်ရေး အလုပ်များကို လုပ်ရပါကြောင်း၊ ပါတီများက မဲဆန္ဒရှင်များကို ဟောပြောစည်းရုံးရေး၊ အရည်အချင်းပြည့်ဝသည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်လျာထားရေးတို့အား ဆောင်ရွက်ကြရပါကြောင်း၊ မဲဆန္ဒရှင်များကလည်း မိမိတို့၏ ဥပဒေပါအခွင့်အရေး မဆုံးရှုံးရအောင် မပျက်မကွက် မဲပေးရေး၊ နိုင်ငံ့အကျိုး၊ ရပ်ရွာအကျိုးသယ်ပိုးမည့် ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ဆန္ဒပြုရေးတို့ကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အဓိကမောင်းနှင်အားမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရပ်ကွက်နှင့် ကျေးရွာအုပ်စု၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအပြင် အချိန်တန်သည့်အခါ အများယုံကြည်လေးစားသည့် ပုဂ္ဂိုလ်များကို စိစစ်ဖွဲ့စည်းရန်၊ လေ့ကျင့်ပညာပေးရန် လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

**မဲစာရင်းမှန်ကန်ရေး**

ရွေးကောက်ပွဲ၏ အသက်သည် မဲစာရင်းဖြစ်ပါကြောင်း၊ မဲစာရင်းမှန်ကန်ရေးအတွက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနထံမှ ပေးပို့လာသည့် ပုံစံ(၆၆/၆)ပါ စာရင်းများကို ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ရရှိသည့် မြေပြင်စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး ကွန်ပျူတာထည့်သွင်းသည့်လုပ်ငန်းကို အမှားအယွင်းမရှိအောင် လုပ်ဆောင်ကြရန်လိုကြောင်း၊ဥပဒေ၊ နည်းဥပဒေများသည်လည်း မဲစာရင်းကဲ့သို့ အရေးကြီးကြောင်း၊ အတည်မပြုရသေးသည့် ဥပဒေများကို အမြန်ဆုံးအတည်ပြုနိုင်ရေး ဆောင်ရွက်ပြီး နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြီးပါက ကော်မရှင်အဖွဲ့ခွဲများကို ဖြန့်ဝေခြင်း၊ ပါတီများအား ပေးပို့ခြင်း၊ မဲဆန္ဒရှင်ပြည်သူများကို လေ့လာနိုင်အောင် ဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ အရာထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ငါးလုပ်ငန်းဦးစီးဌာန အရာထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/ ၂၀၂၄) သင်တန်းဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ငါးလုပ်ငန်းရေရှည် တိုးတက်စေရေး၊ နောင်လာမည့် အနာဂတ်ကာလတွင် ငါးရိက္ခာဖူလုံစေရေးနှင့် ရေနေသတ္တဝါများ၏ သဘာဝပတ်ဝန်းကျင်ကို မထိခိုက်မပျက်စီးစေရေးအတွက် မှန်ကန်ထိရောက်သော ငါးလုပ်ငန်းစီမံခန့်ခွဲမှုဖြစ်စေရန်နှင့် ငါးလုပ်ငန်းဦးစီးဌာန အရာထမ်း အမှုထမ်းများအားလုံး အရည်အချင်းမြင့်မားစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် အစဉ်တစိုက်ဖြည့်ဆည်းကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ယနေ့တွင် နေပြည်တော် ရုံးအမှတ်(၃၆)၌ ကျင်းပသည့် ငါးလုပ်ငန်းဦးစီးဌာန အရာထမ်းများစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ်(၂/၂၀၂၄) သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ရေချို ရေငန်ငါး၊ ပုစွန် သယံဇာတနှစ်ရပ်လုံး ပေါများကြွယ်ဝသည့် မိမိတို့နိုင်ငံအနေဖြင့် ငါးလုပ်ငန်းကဏ္ဍသည် လူမှုရေး၊ စီးပွားရေးအတွက် လွန်စွာအရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်သည်ကို သတိပြုကြရန်လိုကြောင်း၊ ပြည်တွင်းစားသုံးမှုသာမက ပြည်ပပို့ကုန်အဖြစ် နိုင်ငံခြားဝင်ငွေရရှိသော လုပ်ငန်းတစ်ခုလည်းဖြစ်ရာ မွေးမြူခြင်း၊ ဖမ်းဆီးခြင်း၊ ပြုပြင်အေးခဲထုတ်လုပ်ခြင်း၊ တင်ပို့ခြင်း စသည့်လုပ်ငန်းများတွင် မှန်ကန်စွာထိန်းသိမ်း စီမံခန့်ခွဲရန်လိုအပ်ကြောင်း ပြောကြားသည်။



အဆိုပါ သင်တန်းအမှတ်စဉ် (၂/၂၀၂၄) သင်တန်းတွင် ငါးလုပ်ငန်းများနှင့် စပ်လျဉ်းသည့် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ရုံးလုပ်ငန်း၊ ငွေစာရင်းလုပ်ငန်း၊ ဒေသအလိုက် ဆောင်ရွက်လျက်ရှိသည့် ငါးလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာများကို စနစ်တကျပိုမိုသိရှိနိုင်စေရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်များမှ သင်တန်းသား သင်တန်းသူ ၂၁ ဦး၊ အွန်လိုင်းဖြင့် တက်ရောက်သူ ငါးဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်ကြမည်ဖြစ်ပြီး သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# သူနာပြုတက္ကသိုလ်(ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၅**

သူနာပြုတက္ကသိုလ် (ရန်ကုန်) ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အပတ်စဉ်(၃၁) သင်တန်းသား သင်တန်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် ပင်မဆောင်၌ ကျင်းပရာ ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင်တင်ကျော်၊ ဘာသာရပ်အလိုက် ပါမောက္ခ(ဌာနမှူး)များ၊ ကြီးကြပ်သူ ဆရာ ဆရာမများနှင့် ပထမနှစ် မောင်မယ်သစ်လွင် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။




ဦးစွာ သူနာပြုတက္ကသိုလ် (ရန်ကုန်)သင်တန်းသား သင်တန်းသူများက ကရုဏာအလင်း တေးသီချင်းကို သီဆို၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး သူနာပြုတက္ကသိုလ် (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်တင်ကျော်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဆက်လက်၍ သင်တန်းသား သင်တန်းသူများက ပုဂံအက၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများ၊ တေးသရုပ်ဖော်အကများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဖျော်ဖြေတင်ဆက်ကြသည့် သင်တန်းသား သင်တန်းသူများကို ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။

သူနာပြုတက္ကသိုလ် (ရန်ကုန်)သည် သူနာပြုသိပ္ပံဘွဲ့ရ ၂၄၉၈ ဦး၊ သူနာပြုသိပ္ပံဘွဲ့ရ (ပေါင်းကူး) ၄၀၄ ဦး၊ သူနာပြုမဟာသိပ္ပံဘွဲ့ရ ၂၂၉ ဦး၊ အထူးပြုဘာသာရပ် (ဒီပလိုမာ)ဘွဲ့ရ ၇၅၃ ဦး၊ သူနာပြုသိပ္ပံ(ပေါင်းကူး)ဘွဲ့ရ ၂၄၀၂ ဦး၊ အရေးပေါ်သူနာပြုစုမှု EN ၁၅ လ ဒီပလိုမာဘွဲ့ရ ၄၅ ဦး၊ အရေးပေါ် သူနာပြုစုမှု EN ၆ လ လက်မှတ်ရ ၁၁၃ ဦးနှင့် Ph.D (သူနာပြု) ဒေါက်တာဘွဲ့ရတစ်ဦး မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကိုကိုဇော်(သတင်းစဉ်)**

# ငပုတောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**ငပုတော ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ လေ့ကျင့်ရေး (မွမ်းမံ)သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးမှူးရုံးတွင် ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးရာဇာစိုး၊ အဖွဲ့ဝင်(၂)ဦးသန်းဦး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းနေလွင်ထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်၊ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ(ကိုယ်စား) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရှိန်းနေလွင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးမင်းအောင်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းကို ဖေဖော်ဝါရီ ၅ ရက်မှ မတ် ၁ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ပြီး ငပုတောမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၁၀၀ အား မီးသတ်ပညာပေးလက်တွေ့ဘာသာရပ်၊ မီးသတ်ပညာစာတွေ့ဘာသာရပ်၊ ရှာဖွေကယ်ဆယ်ရေး ဘာသာရပ်များကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် အဆင့်မြင့်အင်္ဂလိပ်စာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) နှင့် အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေးသင်တန်း အမှတ်စဉ်(၁/၂၀၂၄) တက်ရောက်ဖွင့်လှစ်

**နေပြည်တော် ဖေဖော်ဝါရီ ၅**

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြင့်မားစေရေးအတွက် အဆင့်မြင့်အင်္ဂလိပ်စာသင်တန်းအမှတ်စဉ် (၁/၂၀၂၄)နှင့် အင်္ဂလိပ်စာစွမ်းရည် တိုးတက်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ အမြဲတမ်းအတွင်းဝန် ဦးသိန်းဌေးဦး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများ၊ သင်တန်းနည်းပြနှင့် သင်တန်းသားသင်တန်းသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက အဆင့်မြင့် အင်္ဂလိပ်စာသင်တန်းသို့ တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် ပြီးခဲ့သည့် အင်္ဂလိပ်စာစွမ်းရည် တိုးတက်ရေးသင်တန်းအမှတ်စဉ် (၁/၂၀၂၃) မှ သင်ကြားတတ်မြောက်ခဲ့သည့် အခြေခံကောင်းများကိုအရင်းခံ၍ ယခင်ကထက် ပိုမိုထူးချွန်ထက်မြက်အောင် လေ့လာသင်ယူသွားကြရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ အလားတူ အင်္ဂလိပ်စာ တိုးတက်ရေးသင်တန်းတက်ရောက်မည့်သင်တန်းသား သင်တန်းသူများအနေဖြင့်လည်း အခွင့်အရေးကောင်းကို လက်လွတ်မခံဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယအပြည့်ဖြင့် ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ အားကြိုးမာန်တက် လေ့ကျင့်သင်ယူမှတ်သားသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မိမိတို့ဝန်ထမ်းများအနေဖြင့် အရည်အချင်းပြည့်ဝပြီး စွမ်းဆောင်ရည်မြင့်မားသည့် ဝန်ထမ်းများဖြစ်လာအောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အားထုတ်ကြိုးပမ်းသွားကြရန် မှာကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် အင်္ဂလိပ်စာစွမ်းရည်တိုးတက်ရေး သင်တန်းနည်းပြ ဦးသန်းဆွေက သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက သင်တန်းများပို့ချသင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ဝန်ထမ်းများနှင့် သင်တန်းသား သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးအောင်သော်သည် ယနေ့တွင် ဥက္ကဋ္ဌရုံးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ တာဝန်ရှိသူများနှင့်အတူ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက် မြန်မာပြည်) တွင် သင်တန်းတက်ရောက်နေကြသည့် ဝန်ကြီးဌာနများမှ နိုင်ငံ့ဝန်ထမ်း သင်တန်းသား သင်တန်းသူများ၊ တက္ကသိုလ်မှ သင်ကြားရေးနှင့် အုပ်ချုပ်မှုဌာနများမှ ဆရာ ဆရာမများကို ရတနာခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

**ပြည်သူ့အကျိုးသာပဓာန**

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ကောင်းမွန်သော အစိုးရတစ်ရပ်ကသာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အစိုးရ၏ မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ရသည့် စွမ်းဆောင်ရည်မြင့်မားသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများဖြစ်ရေးသည် ကောင်းမွန်သည့် အစိုးရအဖွဲ့ဖြစ်ရေးအတွက် အလွန်အရေးကြီးသော အချက်ဖြစ်ပါကြောင်း၊ မူဝါဒများ အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင်လည်း ပြည်သူ့အကျိုးသာ ပဓာန အာဏာထူထောင်ရေးသည် သာမည ဆိုသည့် ခံယူချက်ဖြင့်ဆောင်ရွက်ကြရန်လိုကြောင်း။

ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ရွေးချယ်တင်မြှောက်ခြင်းခံရသော အစိုးရအဖွဲ့သည် ငါးနှစ်တစ်ကြိမ် ပြောင်းလဲနေမည်ဖြစ်ပြီး အဆိုပါ အစိုးရအဖွဲ့များသည် ၎င်းတို့၏ နိုင်ငံရေး ယုံကြည်ချက်ကိုအခြေခံပြီး နိုင်ငံနှင့်ပြည်သူလူထုတို့၏ တည်ငြိမ်လုံခြုံရေး၊ လူမှုအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မတူညီသောမူဝါဒ၊ လုပ်ငန်းစဉ်များရှိကောင်းရှိမည် ဖြစ်သော်လည်း နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများအနေဖြင့် နိုင်ငံတည်ရှိနေသရွေ့ တစ်ဆက်တည်း ရှိနေရမည် ဖြစ်ကြောင်း၊ ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ကို ရွေးချယ်၊ ဖွဲ့စည်း၊ လေ့ကျင့်၊ ပြုစုပျိုးထောင်ပေးရေးသည် တည်ငြိမ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် နိုင်ငံတော်တည်ဆောက်ရေးတွင် အလွန်အရေးပါသည့် အချက်ဖြစ်ကြောင်း။

ထိုသို့ရွေးချယ်၊ ဖွဲ့စည်း၊ လေ့ကျင့်၊ ပြုစုပျိုးထောင်နိုင်ရန်အတွက် ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များကို ဖွဲ့စည်းထားခြင်းဖြစ်ပြီး နိုင်ငံရေးစနစ်အပေါ် အခြေခံ၍ အစိုးရအဖွဲ့ ပြောင်းလဲမှုရှိသော်လည်း ဝန်ကြီးဌာနများအလိုက် တာဝန်ယူကြရသည့် လုပ်ငန်းကဏ္ဍအလိုက်၊ အဆင့်အလိုက် လုပ်ငန်းများ စဉ်ဆက်မပြတ် မှန်မှန်ကန်ကန် လုပ်ဆောင်ပြီး နိုင်ငံ့အကျိုးရှေးရှု၍ ပြည်သူလူထုကို အလုပ်အကျွေးပြုနေသည့် စည်းကမ်းရှိသော၊ စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း ဖြစ်စေရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း။

စွမ်းအားရှိ၍ စည်းကမ်းပြည့်ဝပြီး စနစ်တကျရှိသော နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းဖြစ်စေရန် နိုင်ငံတော် အစိုးရအနေဖြင့် တာဝန်ယူသည့် ကာလအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ခဲ့ရာ နိုင်ငံ့ဝန်ထမ်း စုစုပေါင်း ၃၇၅၁၄ ဦးကို လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ခဲ့ကြောင်း၊ လေ့ကျင့်ပြုစုပျိုးထောင်ပေးသည့် နေရာတွင် လုပ်ငန်းခွင်ဆိုင်ရာ အတတ်ပညာများအပြင် ကာယကျန်းမာရေး၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးအတွက်လည်း မျက်ခြည်မပြတ် ဂရုတစိုက် ပြုစုပျိုးထောင်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း သွားလာရေး အခက်အခဲကြောင့် သင်တန်းကင်းလွတ်ခွင့် တောင်းခံသူ စုစုပေါင်း ၂၆၇ ဦး၊ ကျန်းမာရေးကိစ္စကြောင့် စနစ်တကျဆေးကုသခံယူရန် သင်တန်းကင်းလွတ်ခွင့်ဖြင့် ပြန်လည်စေလွှတ်သူ ၇၃ ဦးရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းများကို အဆင့်အလိုက်၊ ကဏ္ဍအလိုက် လေ့ကျင့်ပေးသည့် နေရာတွင် နိုင်ငံ့ဝန်ထမ်းများ၏ ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေးကိုလည်း မျက်ခြည်မပြတ် မိဘသဖွယ်ဆောင်ရွက်ပေးနေသည်ကို သိရှိကြစေလိုကြောင်း၊ တစ်ဦးချင်းစီကလည်း ကာယကျန်းမာရေးနှင့် စိတ်ကျန်းမာရေး ကောင်းမွန်ပြည့်စုံနေရန် ကိုယ်စီထိန်းသိမ်းကြရမည်ဆိုသော အသိရှိနေရန်လိုကြောင်း။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

မိမိတို့ နိုင်ငံအပေါ်တွင်အကြပ်ကိုင်ခဲ့မှုများကြောင့် မတည်မငြိမ်ဖြစ်ပြီး ကသောင်းကနင်းဖြစ်နေသည့် အခြေအနေအရပ်ရပ်ကို ပြန်လည်တည့်မတ်ရန် ကြိုးပမ်းဖော်ဆောင်ရာတွင် နိုင်ငံတော်အစိုးရသည် ပြည်သူလူထု၊ နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် လက်တွဲ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ချိန်က အရှေ့တောင်အာရှတွင် အင်အားကြီးသည့် လက်နက်နိုင်ငံတော်တစ်ခုဖြစ်ခဲ့ရာမှ အားနည်းသည့် နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်း၊ မပီပြင်သည့် စီမံအုပ်ချုပ်ရေးအခြေအနေဖြစ်ပေါ်ခဲ့ချိန်များတွင် အချုပ်အခြာအာဏာဆုံးရှုံးရသည်အထိဖြစ်ခဲ့သည်ကို သမိုင်းကြောင်းအရ ရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံခေတ်ဦး ပုဂံနိုင်ငံအဖြစ် တည်ထောင်ခါစကာလမှသည် ခေတ်အဆက်ဆက်ဘုရင်များသည် နိုင်ငံတော်နယ်နိမိတ် ချဲ့ထွင်နိုင်ရေးနှင့် နိုင်ငံတော် နယ်နိမိတ်တည်ငြိမ်ရေးတို့အတွက် လိုအပ်သော အုပ်ချုပ်စီမံမှုများ ဆောင်ရွက်သည့်နေရာတွင် မြို့ရွာများကို ဆယ်ပြု၊ ရာပြု၊ ထောင်ပြု စသည်ဖြင့် သတ်မှတ်ခြင်း၊ လိုအပ်ချိန်တွင် စစ်အင်အားကို အလျင်အမြန်တိုးချဲ့ဖွဲ့စည်းနိုင်သည့် စီမံအုပ်ချုပ်မှုစနစ်ရှိခဲ့ခြင်းများကြောင့် ပြည်ပကျူးကျော်မှုများကို ဟန့်တားနိုင်ခဲ့ပါကြောင်း၊ သို့သော်လည်း စည်းစနစ်ကျသည့် ဝန်ထမ်းအဖွဲ့အစည်း မတည်ဆောက်နိုင်ခဲ့သဖြင့် နှစ်ကာလတစ်ခုတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာ ဆုံးရှုံးခြင်းများ၊ လျော့နည်းခြင်းများရှိခဲ့ပါကြောင်း၊ ကုန်းဘောင်ခေတ် နောက်ဆုံးပိုင်းတွင်လည်း စနစ်တကျ စီမံခန့်ခွဲမှု (နိုင်ငံ့ဝန်ထမ်းစနစ်) မရှိခဲ့ခြင်းကြောင့် နိုင်ငံဆုံးရှုံးသွားခဲ့သဖြင့် နှစ်ပေါင်း ၁၀၀ ကျော်အထိ ပြန်လည်တည်ဆောက်ခဲ့ရခြင်းကို သင်ခန်းစာယူပြီး နောက်ထပ် အလားတူအမှားမျိုး ထပ်မံမဖြစ်ပေါ်စေရန် စနစ်တကျ အားကောင်းသောစီမံအုပ်ချုပ်မှုစနစ် (နိုင်ငံ့ဝန်ထမ်းစနစ်)တည်ဆောက်ရန်လိုကြောင်း။

**ပြည်သူအကျိုးကိုရှေးရှု**

သို့အတွက် မွန်မြတ်သော တာဝန်များကို ထမ်းဆောင်နိုင်ရန် ဝန်ထမ်း တစ်ဦးချင်းစီကလည်း မိမိတို့၏ကိုယ်ကာယကျန်းမာရေး၊ စိတ်ကျန်းမာရေးကို ပြုစုပျိုးထောင်ကြရန်နှင့် သမိုင်းသင်ခန်းစာများကိုသိရှိကြပြီး ပြည်သူအကျိုးကို ရှေးရှုသည့် ဒီမိုကရေစီကျင့်စဉ်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံ့ဝန်ထမ်း အဖွဲ့အစည်းများမှ နိုင်ငံ့ဝန်ထမ်းများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး တာဝန်ဝတ္တရားများ အောင်မြင်အောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း မှာကြားပြီး တက်ရောက်လာကြသည့် ဝန်ထမ်းများ၊ သင်တန်းသားသင်တန်းသူများအားရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၅




သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း သမဝါယမလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငပုတောမြို့နယ် ကျုံကူးကျေးရွာသို့ရောက်ရှိပြီး ကျေးရွာအခြေခံပညာအထက်တန်းကျောင်း၌ ကျေးရွာအုပ်စု ၁၂ အုပ်စု၊ ကျေးရွာ ၅၁ ရွာမှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများ၊ ကျေးရွာ ၁၄ ရွာမှ ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ သမဝါယမအသင်း ရှစ်သင်းမှ အသင်းသားများ၊ ပညာရေးဌာနမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံရာ သက်ဆိုင်ရာတာဝန်ရှိသူများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ တစ်မိသားစုချင်း ဝင်ငွေတိုးပွားစေရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နိုင်စေရေး နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သမဝါယမအသင်းအဖွဲ့စနစ်ဖြင့် ဆောင်ရွက်သည့်တောင်သူများထံ လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုများကို စိုက်ပျိုးချိန်အမီ ရရှိရေး ပေါင်းစပ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျေးရွာတောင်သူများမှလည်း ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်ရမည့် စိုက်ပျိုးရေးနည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း။

ကျေးရွာများရှိ အခြေခံပညာအလယ်တန်းအဆင့် အောင်မြင်ပြီးသူများအနေဖြင့် ပုသိမ်၊ မကွေး၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးစသည့် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများတွင် အခမဲ့တက်ရောက်နိုင်ကြောင်း၊ အဆိုပါ သင်တန်းကျောင်း တက်ရောက်ပြီးပါက ထူးချွန်သူများအနေဖြင့် သမဝါယမကောလိပ်များ၊ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များသို့ ပေါင်းကူးတက်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ပေါင်းကူးဆက်လက်တက်ရောက်ရန် အခက်အခဲရှိသူများကိုလည်း အလုပ်အကိုင်များရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထူးချွန်သူများအနက်မှ အမှန်တကယ်လုပ်ငန်းလုပ်ကိုင်မည့်သူများကိုရွေးချယ်ပြီး လုပ်ငန်းသုံးပစ္စည်းများ၊ အရင်းအနှီးမတည်ငွေများ ထုထောင်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ပေးမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေကျော်ကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ငပုတောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကျုံကူးကျေးရွာအပါအဝင် ကျေးရွာ ၁၃ ရွာရှိ အိမ်ခြေ ၃၀၃၄ အိမ်၊ လူဦးရေ ၁၄၀၃၁ ဦးတို့ကို အကျိုးပြုပေးနိုင်မည့် ကျုံကူး-ရေကျော်-ရေတွင်းကုန်း ကျေးရွာချင်းဆက်လမ်း ကတ္တရာထပ်ပိုးလွှာဆောင်ရွက်ပြီးစီးမှု၊ ကျေးရွာတွင်း အိမ်တိုင်ရာရောက် ရေရရှိရေး ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တောင်သူဦးအောင်မင်းဇော်၏ ဆောင်းသီးနှံဗိုလ်ကိတ်ပဲစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုင်းကြီးကျွန်းမြို့ မဟာမကုဋ္ဌရုံသီဆံတော်ရှင် မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး စေတီရင်ပြင်တော် တိုးချဲ့ပြုပြင်နေမှုကိုကြည့်ရှုကာ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လဲချား၌ သတင်းတု၊ သတင်းမှားနှင့်ပတ်သက်၍ အသိပညာပေး ဆွေးနွေးခြင်းများ ပြုလုပ်

လဲချား ဖေဖော်ဝါရီ ၅

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့တွင် သတင်းတု၊ သတင်းမှားနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်းကို ယနေ့နံနက် ၁၀ နာရီက နောင်မိန်းကျေးရွာ ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ရဲမှူး ရဲထွန်းဦးက သတင်းတု၊ သတင်းမှားနှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် သတင်းတု၊ သတင်းမှားနှင့်ပတ်သက်၍ ဥပဒေကြောင်းဆိုင်ရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ချိုထွေးက ကျင့်ဝတ်ဖောက်ဖျက်မီဒီယာများအား ရှုတ်ချခြင်းကိုလည်းကောင်း၊ ဆက်သွယ်ရေးတာဝန်ခံ ဒေါ်မြင့်မြင့်ရီက သတင်းတု၊ သတင်းမှားများနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ ဒုရဲမှူးသိန်းနိုင်က အွန်လိုင်းလည်လိမ်မှုများသတိပြုရန်ကို လည်းကောင်း ပညာပေးဆွေးနွေးပြီး တက်ရောက်လာသော ပြည်သူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၅

ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများနှင့်ပတ်သက်၍ လုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံစံများအား တိုင်းဒေသကြီးအဆင့် အသိပေးရှင်းလင်းခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၅

(၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ဆပ်ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတွင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ရန် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း၌ ရောက်ရှိနေကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသား ယဉ်ကျေးမှု ကိုယ်စားလှယ် အဖွဲ့များကို သွားရောက်တွေ့ဆုံပြီး ဆေးပေးခန်းများ၊ စာကြည့်တိုက်နှင့် ဆပ်ကော်မတီရုံးခန်းများ၊ တည်းခိုဆောင်များ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌက အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ခြင်အန္တရာယ်ကင်းရှင်းစေရေး၊ ရေ၊ မီး၊ သန့်စင်ခန်းများ ပြည့်စုံစေရေး၊ သန့်ရှင်းသာယာရေးတို့ကို အလေးထားဆောင်ရွက်စေလိုကြောင်းနှင့် လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။



ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပျဉ်းမနားခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့်ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းများကို စံသတ်မှတ်ချက်များနှင့်အညီ ထုပ်ပိုးခြင်းနှင့် ကျန်းမာရေးသတိပေးရုပ်ပုံများ၊ စာသားများကို ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်ပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းလမ်းညွှန်နှင့် ဆန်းစစ်ပုံစံများအား တိုင်းဒေသကြီးအဆင့် အသိပေးရှင်းလင်းခြင်း အခမ်းအနားကို တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက် ပစ္စည်းများ သုံးစွဲမှုလျော့ကျစေရန်၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများသုံးစွဲမှုကြောင့် ကျန်းမာရေးထိခိုက်စေကြောင်း အများပြည်သူသိရှိနားလည် သဘောပေါက်စေရန်အတွက် Standardized Packaging သည် အမှန်တကယ်ထိရောက်သော နည်းလမ်းဖြစ်သည့်အတွက် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး နေပြည်တော် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ နီးနွယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာကျော်ကံကောင်းက မြန်မာနိုင်ငံ၏ မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားသေဆုံးမှုအခြေအနေနှင့် Tobacco Legislation နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Standardized Packaging အမိန့်ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ Introduction Course on WTO (Principles and General Rules) သင်တန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြား

နေပြည်တော် ဖေဖော်ဝါရီ ၅

Introduction Course on WTO (Principles and General Rules) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃)ရှိ ညီလာခံခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

သင်တန်းဖွင့်ပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် သင်တန်းနည်းပြများ၊ သင်တန်းသား သင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက ဝန်ကြီးဌာနသည် နိုင်ငံတကာနှင့် ကုန်သွယ်မှုကိစ္စရပ်များဆောင်ရွက်နေရသဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ဆောင်ရွက်ချက်များ၊ အခြေခံစည်းမျဉ်းများ၊ နိုင်ငံစုံသဘောတူညီချက်များ အကောင်အထည်ဖော်ရာတွင် လိုက်ပါဆောင်ရွက်ရမည့် ကတိကဝတ်များ၊ အငြင်းပွားမှုဆိုင်ရာပြဿနာများ၊ နည်းပညာဆိုင်ရာ အထောက်အပံ့များကို သိရှိစေရန်အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်သင်ကြားပေးမည့် သင်တန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပွင့်လင်းမြင်သာမှုရှိရေး ကတိကဝတ်အရ ကုန်သွယ်မှုနည်းလမ်းများကို အကြောင်းကြားခြင်း (Notification) များဆောင်ရွက်သကဲ့သို့ ကုန်သွယ်မှု မူဝါဒဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကိုလည်း ၂၀၁၄ ခုနှစ်ကတစ်ကြိမ်၊ ၂၀၂၁ ခုနှစ်ကတစ်ကြိမ် စုစုပေါင်းနှစ်ကြိမ်ဆောင်ရွက်ခဲ့ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းတွင် ပို့ချမည့်သင်ခန်းစာများကို ဂရုတစိုက် လေ့လာမှတ်သားခြင်းအားဖြင့် မိမိဝန်ကြီးဌာနအတွက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ကိစ္စရပ်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။




အဆိုပါသင်တန်းတွင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၏ WTO သံမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများ၊ ဂျီနီဗာမြို့ရှိ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ရုံးချုပ်)တွင် အလုပ်သင်အဖြစ် သင်တန်းတက်ရောက်ခဲ့ဖူးသည့် အရာရှိကြီးများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ပြေးဆွဲအသုံးပြုမည့် ခေတ်မီ DEMU တွဲဆိုင်းသစ်များ ပထမသုတ်အဖြစ် သီလဝါဆိပ်ကမ်းသို့ ရောက်ရှိ




နေပြည်တော် ဖေဖော်ဝါရီ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ရန်ကုန်မြို့ပတ်ရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းတွင် ပြေးဆွဲအသုံးပြုရန်အတွက် စပိန်နိုင်ငံမှဝယ်ယူထားသော ခေတ်မီ DEMU ဒီဇယ်လျှပ်စစ်ရထားတွဲဆိုင်းသစ်များအနက် ပထမသုတ်အဖြစ် ခြောက်တွဲပါ တွဲဆိုင်းသည် ဖေဖော်ဝါရီ ၄ ရက်က BBC ONYX သင်္ဘောဖြင့် ရန်ကုန်သီလဝါဆိပ်ကမ်းသို့ စတင်ရောက်ရှိခဲ့သည်။

အဆိုပါ DEMU ဒီဇယ်လျှပ်စစ်ရထား တွဲဆိုင်းသစ်များကို ဆိပ်ကမ်းမှ ချယူဆောင်ရွက်လျက်ရှိပြီး စမ်းသပ်ပြေးဆွဲမှုများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်း အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်ပြီးစီးပြီဖြစ်သော်လည်း ဘူတာပလက်ဖောင်းများ မြှင့်တင်ခြင်းလုပ်ငန်းများ၊ ဘူတာရုံအဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများကို ပြုပြင်ဆောင်ရွက်လျက်ရှိပါသဖြင့် မကြာမီကာလတွင် အဆိုပါ DEMU တွဲဆိုင်းသစ်များဖြင့် ရန်ကုန်မြို့ပတ်ရထားလမ်းပိုင်းအတွင်း ခရီးသည်များ စိတ်အေးချမ်းသာစွာ စီးနင်းနိုင်ရေး စတင်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

# လွိုင်လင်မြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်းဖွင့်

လွိုင်လင် ဖေဖော်ဝါရီ ၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူး၍ ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့တွင် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်( ဆင့်ပွား)သင်တန်းဖွင့်ပွဲကို လူမှုဝန်ထမ်းဦးစီးဌာနရုံး သင်တန်းခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က သဘာဝဘေးအန္တရာယ်လျော့ပါးရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များ သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ကျရောက်လာပါက ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စနစ်တကျစီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများအား သင်ထောက်ကူပစ္စည်းများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ကြသည်။ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်ကြပြီးသင်တန်းကို ဖေဖော်ဝါရီ ၇ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မုဒုံမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပြိုင်ပွဲများနှင့် ဆုပေးပွဲကျင်းပ

မုဒုံ ဖေဖော်ဝါရီ ၅

မွန်ပြည်နယ် မုဒုံမြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ပုံပြော၊ ကဗျာရွတ်၊ ဆေးရောင်ခြယ်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် မုဒုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မိုးမိုးစန္ဒာထွန်းက ပြည်ထောင်စုနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအတွက် သိရှိလိုက်နာရမည့်အချက်များနှင့် အားလပ်ချိန်များတွင် စာအုပ်စာစောင်များကို လေ့လာဖတ်ရှုရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက ပုံပြင်ပြော၊ ကဗျာရွတ်ဆို၊ ဆေးရောင်ခြယ်ပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အသိပညာပေးနံရံကပ်ပိုစတာများကို လေ့လာကြည့်ရှု မှတ်သားခဲ့ကြကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၄၁၃၇ ခု စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၃ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ခြင်း(၅-၂-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၂၈-၁-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၄-၂-၂၀၂၄) ရက် နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၄,၁၃၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃) ရာခိုင်နှုန်းဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိပါ။

ကိုဗစ်-၁၉ရောဂါဆိုင်ရာ သတင်းအချက်အလက်များကိုကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မန္တလေးတိုင်းဒေသကြီးရှိ တက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၅**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်း၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးသန့်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မန္တလေးတက္ကသိုလ်သည် လာမည့်နှစ်တွင် နှစ် ၁၀၀ ပြည့်မြောက်မည့် အထင်ကရတက္ကသိုလ်ကြီးတစ်ခုဖြစ်ပါကြောင်း၊ နှစ် ၁၀၀ ပြည့်ဟူသော ဂုဏ်ပုဒ်နှင့်အညီ တာဝန်ထမ်းဆောင်ကြသော ဆရာ ဆရာမများအနေဖြင့်လည်း မိမိတို့ တက္ကသိုလ်ဂုဏ်ဆောင်နိုင်အောင် ကြိုးပမ်းကြစေလိုကြောင်း၊ ရာပြည့်အထိမ်းအမှတ်ပွဲတွင်လည်း ဘာသာရပ်ဆိုင်ရာဌာနများအလိုက် စာတမ်းဖတ်ပွဲများ၊ သုတေသနဆောင်ရွက်ချက်ပြခန်းများ ထည့်သွင်းပြသပြီး ဆရာ ဆရာမများ တစ်ဦးချင်း အရည်အချင်းကို ဖော်ထုတ်ပြသပေးစေလိုကြောင်း၊ လူမှုနယ်ပယ်တွင် အသုံးချနိုင်သော ဝိဇ္ဇာနှင့် သိပ္ပံအသုံးချပညာရပ်များကို ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သုတေသနဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော သုတေသနသုံးပစ္စည်းများ၊ ဘာသာရပ်ဆိုင်ရာ စာအုပ်စာတမ်းများကိုလည်း နှစ်စဉ်တိုးချဲ့ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ တက္ကသိုလ်အနေဖြင့် ဘာသာရပ်များအားလုံး အားကောင်းရန်လိုအပ်ကြောင်း၊ တက္ကသိုလ်တွင်းနှင့် ကျောင်းသားဆောင်များ၊ ဆရာ ဆရာမဆောင်များနှင့် ဝန်ထမ်းအိမ်ရာများအတွင်း သောက်သုံးရေနှင့် လျှပ်စစ်မီး လုံလောက်စွာရရှိရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အမြဲအလေးထားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသော ဆရာ ဆရာမများ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၂၂) အခြေခံပညာအထက်တန်းကျောင်း နှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ကာ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုပြီး အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးနှင့် မန္တလေးမြို့ပေါ်ရှိ ထက်၊ လယ်၊ မူကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အခြေခံပညာဦးစီးဌာနရှိမြတ်မင်္ဂလာခန်းမ၌ လားရှိုးပညာရေးဒီဂရီကောလိပ်နှင့် ကသာပညာရေးဒီဂရီကောလိပ်တို့မှ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နောင် ဆရာ ဆရာမများအဖြစ် တာဝန်ယူကြရမည့်သူများဖြစ်သည့် အားလျော်စွာ ယခုကျောင်းသားဘဝကတည်းက ပညာကို ကြိုးစားသင်ယူလေ့လာကြရန် လိုအပ်ကြောင်း၊ မိမိတို့ ရည်မှန်းချက် အောင်မြင်ရေးကြိုးစားကြရန်၊ ကောင်းမွန်သော စိတ်ဓာတ်နှင့် အကျင့်စာရိတ္တကောင်းမွန်သည့် နိုင်ငံသားကောင်းများကို အစဉ်မပြတ် ပြုစုပျိုးထောင်ပေးကြရန်နှင့် နိုင်ငံအတွက် အားထားရသူများဖြစ်အောင် ကြိုးပမ်းကြရန် လိုအပ်ပါကြောင်းမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြဝတီမြို့ ရွှေလဝန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ ကျင်းပ

**မြဝတီ ဖေဖော်ဝါရီ ၅**

ကရင်ပြည်နယ်မြဝတီမြို့ ရွှေလဝန်း ကိုယ်ပိုင်အထက်တန်းကျောင်းတွင် (၇၇)နှစ်မြောက် ရှမ်းပြည်နယ်နေ့အကြို အထိမ်းအမှတ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပညာရေးစုံညီပွဲတော်နှင့် ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၃ ရက်က အဆိုပါ အထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက စုံညီပွဲတော်ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် အတန်းလိုက် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသားကျောင်းသူများအား ခရိုင်ပညာရေးမှူး ဦးသန်းဆွေဦး၊ မြို့နယ်ပညာရေးမှူး ဦးမြင့်ဦး၊ ရွှေလဝန်း ကိုယ်ပိုင်အထက်တန်းကျောင်း တည်ထောင်သူ ဒေါ်အေးအေးဝင်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းနွယ်၊ ဖိတ်ကြားထားသော ကျောင်းအုပ်ကြီးများနှင့် ဧည့်သည်တော်များက ဆုများပေးအပ်ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

## ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်လှစ်

**ရန်ကုန် ဖေဖော်ဝါရီ ၅**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၏၂၀၂၃-၂၀၂၄ ပညာသင်နှစ် ဘာသာရပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက သန်လျင်မြို့ရှိ ယင်းတက္ကသိုလ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနေဝင်းဦးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ကိုးသင်းတို့က အုပ်စုနှစ်စုခွဲ၍ ဖေဖော်ဝါရီ ၁၆ ရက်အထိ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

**သျှင်ဝင်းသျှင်**



## ကျိုက်ထိုမြို့နယ် အမက-သမလ၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

**ကျိုက်ထို ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ကို ယနေ့နံနက် ၁၀ နာရီက အမက-သမလကျောင်း၌ ကျင်းပသည်။



**ဆွေးနွေးဟောပြော**

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးထွေးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများ အသိပညာတိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာပေများ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ် အသိပညာပေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ကျိုက်ထို(ပြန်/ဆက်)**

## ကျိုက်မရောမြို့ အထက(ခွဲ)ကျွန်းရွာသစ်၌ လူငယ်စကားဝိုင်း ကျင်းပ

**ကျိုက်မရော ဖေဖော်ဝါရီ ၅**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဖေဖော်ဝါရီ ၅ ရက်က အထက ကျွန်းရွာသစ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးသန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက လူငယ်စကားဝိုင်း ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးအရာရှိဦးကိုကိုဝင်းက လူငယ်နှင့်ကျန်းမာရေးအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စကားဝိုင်းကို ဦးဆောင်ဆွေးနွေးသူအဖြစ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဆောင်ရွက်ပြီး အထက(ခွဲ) ကျွန်းရွာသစ်ကျောင်းမှ ကျောင်းသား ကျောင်းသူများက "လူငယ်နှင့် စာဖတ်ခြင်း"၊ "လူငယ်နှင့် စာရိတ္တ"၊ "လူငယ်နှင့် ကျန်းမာရေး"၊ "လူငယ်နှင့် မူးယစ်ဆေး"ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မိချို(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဖေဖော်ဝါရီ ၅**



မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်း တောက်ပနေမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီး သာယာဝပြောမှုရှိစေရန်နှင့် ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် ဟူသည့် ရည်ရွယ်ချက်များဖြင့် တည်ထားကိုးကွယ်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးတို့မှ အငြိမ်းစား နိုင်ငံ့ဝန်ထမ်းများသည် ယနေ့တွင် လာရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာဘုရားဖူးလာအဖွဲ့တို့သည် သာသနာရေးဆိုင်ရာအခမ်းအနားကြီးများကို ခမ်းနားစွာကျင်းပနိုင်သည့် သံဃာတော်အပါး ၉၀၀ နှင့် လူပရိသတ် ၁၂၀၀ ဝင်ဆံ့သည့် အလျား ၂၉၆ ပေ၊ အနံ ၂၁၃ ပေ၊ အမြင့် ၉၄ ပေရှိ ဗိသုကာလက်ရာများနှင့် ခမ်းနားထည်ဝါစွာ တည်ဆောက်ထားသည့် သာသနာ့ဗိမာန် အဂ္ဂါဓိပတိဝိသုံဂါမသိမ်တော်ကြီးကို လေ့လာကြည့်ရှုကြသည်။

ဆက်လက်၍ ရှင်းလင်းဆောင်ဌ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထား ကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ် အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးအဖွဲ့များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြပြီး ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကား ပြောကြားကြသည်။

ယင်းနောက် ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ဘုရားဂေါပကအဖွဲ့ တာဝန်ရှိသူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဘုရားဖူးလာအဖွဲ့တို့သည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ပဋ္ဌာန်းမြတ်ဒေသနာ ၂၄ ပစ္စည်းကို ရည်စူးလျက် လက်ရာမြောက်စွာ တည်ဆောက်ထားသော အနုလက်ရာများမတူညီသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်အတွင်းလှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် ဘုရားဖူးလာအဖွဲ့တို့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမျက်နှာမူရာ ရှေ့တူရူ အရပ်တွင် မြတ်ဗုဒ္ဓ၏ ဟောကြားခဲ့သောတရားတော်များဖြစ်သည့် သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတို့၏ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ပါဠိအက္ခရာ၊ ရိုမန်ဘာသာတို့ဖြင့် ရေးထိုးထားသည့် ကျောက်စာရုံစေတီ ၇၂၀ ရှိ ကျောက်စာချပ်ရေ ၁၄၄၀ နှင့် ပင်မကျောက်စာရုံစေတီရှိ ကျောက်စာလေးချပ် စုစုပေါင်း ကျောက်စာချပ် ၁၄၄၄ ချပ်နှင့် အခြားသာသနိကအဆောက်အဦများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုကြသည်။

အလားတူ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဆောက်လုပ်ရေးဝန်ကြီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ် လမ်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) အင်ဂျင်နီယာ ၅၁ ဦးနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ ဘုရားဖူး ပြည်သူများလည်း လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

# ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) ၂၀၂၄ခုနှစ်(ပထမ)လေးလပတ်စုံညီအစည်းအဝေးကျင်းပ



**ရန်ကုန် ဖေဖော်ဝါရီ ၅**

မြန်မာနိုင်ငံ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို) အလုပ်အမှုဆောင်အဖွဲ့နှင့် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်ဥက္ကဋ္ဌများ တွေ့ဆုံ၍၂၀၂၄ ခုနှစ်(ပထမ)လေးလပတ်ဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၄ ရက် ညနေ ၄ နာရီက မင်္ဂလာတောင်ညွန့်မြို့နယ် ကန်ပတ်လမ်းရှိ Esperado Hotel ၌ ကျင်းပခဲ့သည်။

ဦးစွာ ဗဟိုဥက္ကဋ္ဌဦးဝဏ္ဏက အဖွင့်အမှာစကားပြောကြားပြီး ဗဟိုအထွေထွေအတွင်းရေးမှူး ဦးခင်ဝေက ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တက်ရောက်လာကြသော နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့မှ အလုပ်အမှုဆောင်များနှင့် မိတ်ဆက်ပေးခဲ့သည်။

ယင်းနောက် ဗဟိုနာယကနှင့် ဒုတိယဥက္ကဋ္ဌများက နှုတ်ခွန်းဆက်စကား ပြောကြားပြီး တက်ရောက်လာကြသော နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်တို့မှ ဥက္ကဋ္ဌများက လက်ရှိအခြေအနေနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့အတွက် ဆောင်ရွက်နေမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြခဲ့ကြသည်။

ဆက်လက်၍ ဗဟိုဥက္ကဋ္ဌ ဦးဝဏ္ဏက တင်ပြချက်များအပေါ် ဖြည့်စွက်လမ်းညွှန်ပေးခဲ့ကြောင်း သိရသည်။

**သျှင်ဝင်းသျှင်**

## မြန်မာ

✧ လက်ငုပ်မွေခံ၊ နှင်းဆီခြံတည့်
သန္တာတစ်ကန့်၊ ပန်းတစ်ကန့်နှင့်
ဝါဖန့်တစ်ခင်း၊ ဖြူတစ်ခင်းနှင့်
ရောင်ဆင်းစုံစွာ၊ သူ့နေရာနှင့်
ဝေဆာလန်းတင့်၊ နှစ်ပေါက်ပွင့်သည်
ဝင့်ထည်ဂုဏ်နှင့် သာတကား။

✧ ကာလကြာလျှင်၊ ပန်းတို့ရင်၌
အဆင်အသွေး၊ တူရာရွေး၍
စုဝေးနေမှု၊ အကြောင်းပြုကာ
သူ့ကို ကိုယ်စိမ်း၊ ကိုယ့်သူစိမ်းနှင့်
ယိမ်းယိုင်တွေဝေ၊ သွေးကွဲလေပြီ
အနေနီးလျက်၊ ဝေးတကား။

✧ ညြော် - အခင်းမတူ၊ ဆင်းမတူ၍
တစ်မူတစ်ဟန်၊ ခွဲမကြံသင့်
တစ်ခြံတည်းနေ၊ တစ်မြေတည်းပေါက်
တစ်ရေသောက်ရင်း၊ ညွန့်ညှောက်ရှင်သန်
မျိုးနွယ်မှန်သည့်၊ ဆူးရုံနှင်းဆီ
တစ်နံမည်မို့
ညီနောင်သွေးချင်း ရင်းတကား။ ။

(တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသို့)

**ကို(စစ်တက္ကသိုလ်)**

# ဟသ်ာတမြို့ ဓမ္မဗိမာန်ကျောင်းတိုက်တွင် ဝိဇ္ဇာသမ္ပဒါ စာကြည့်တိုက် (ဧရာဝတီ)ဖွင့်ပွဲ ကျင်းပ

**ဟသ်ာတ ဖေဖော်ဝါရီ ၅**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့ ပန်းဘဲတန်းရပ်ကွက် ဓမ္မဗိမာန်ကျောင်းလမ်းရှိ ဓမ္မဗိမာန်ကျောင်းတိုက်တွင် ဝိဇ္ဇာသမ္ပဒါ စာကြည့်တိုက် (ဧရာဝတီ)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကအဖွဲ့ကိုယ်စား ပေါက္ကံ့ဆရာတော် ဘဒ္ဒန္တ အဂ္ဂစိဏ္ဏ(မဟာဓမ္မာစရိယ MA)က ဝမ်းမြောက်စကားမိန့်ကြားပြီး NOBLE ပရဟိတဦးဆောင် ဓမ္မဗိမာန်စာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော် ဒေါက်တာ အရှင်ဉာဏာလင်္ကာရက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဩဝါဒစကားမိန့်ကြားခဲ့သည်။

အဆိုပါစာကြည့်တိုက်တွင် သုတစာအုပ်၊ ရသစာအုပ်၊ ဘာသာရေး၊ သာသနာရေးနှင့်ပတ်သက်သော စာအုပ်များ၊ သတင်းစာ၊ မဂ္ဂဇင်း၊ ဂျာနယ်စုစုပေါင်း စာအုပ်မျိုးစုံ ၂၅၀၀၀ ကျော်ရှိပြီး စာကြည့်တိုက်ကို နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ပိတ်ရက်မရှိဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ PDF အမည်ခံအကြမ်းဖက်အဖွဲ့များထံ ပို့ဆောင်မည့် လက်နက် / ခဲယမ်းများနှင့်အတူ တရားခံများ ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၅

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများ မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG လက်အောက်ခံ မန္တလေး PDF အမည်ခံအကြမ်းဖက်အဖွဲ့နှင့် No-More Dictatorship အမည်ခံအကြမ်းဖက်အဖွဲ့များသည် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်မှတစ်ဆင့် လက်နက်/ခဲယမ်းများကို ကားဂီယာဘောက်အတွင်း ထည့်သွင်း၍ ခရီးသည်တင်ယာဉ်များဖြင့် မန္တလေးမြို့သို့ သယ်ဆောင်လျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသော ပြည်သူများ၏ သတင်း ပေးပို့ချက်အရ ဖေဖော်ဝါရီ ၄ ရက် ညနေပိုင်းတွင် အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက် လမ်း ၉၀၊ ၂၁ x ၂၂ လမ်းကြား၌ သီတာစိုး(ခ)မစိုးနှင့် တိုးညွန့်တို့အား ကားဂီယာဘောက်အဟောင်းအတွင်း သိုဝှက်သိမ်းဆည်းထားသည့် SIG SAUER ပစ္စတို ငါးလက်၊ ANSAR ပစ္စတို တစ်လက်၊ BLOW ပစ္စတို နှစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၆ ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ၉ မမကျည်တောင့် ၁၀၀၊ ပွိုင့်-၃၈၀ ကျည် အတောင့် ၂၀၀ တို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သီတာစိုး(ခ)မစိုး၏ ထွက်ဆိုချက်အရ အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက် အကွက်(၇၀) ၁၂(ဘီ)လမ်းနှင့် ၈၇ လမ်းထောင့်၌ ကေခိုင်(ခ)ကေကေအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

**ဖမ်းဆီးရမိ**

ဖြစ်စဉ်တွင် တရားခံ အမျိုးသားတစ်ဦး၊ အမျိုးသမီးနှစ်ဦးနှင့် အတူ ပစ္စတိုမျိုးစုံ ရှစ်လက်၊ ကျည်အိမ်မျိုးစုံ ၁၆ ခု၊ လက်ပစ်ဗုံး တစ်လုံး၊ ကျည်မျိုးစုံ အတောင့် ၃၀၀ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ သီတာစိုး(ခ)မစိုး၏ ထွက်ဆိုချက်အရ ၎င်းသည် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး မန္တလေးမြို့အတွင်း ဆူပူဆန္ဒပြမှုများ၌ ဦးဆောင်ပါဝင်ခဲ့သူဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဧပြီလတွင် လိုင်ဇာသို့ သွားရောက်၍ KIA အဖွဲ့ထံ၌ အကြမ်းဖက်သင်တန်း တစ်လတက်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းတက်ရောက်စဉ် No-More Dictatorship-NMD အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန်တရားခံ **မျိုးမင်းရန်နိုင်**နှင့် ရင်းနှီးခဲ့ပြီး အဆိုပါအဖွဲ့သို့ ဝင်ရောက်ခဲ့ကြောင်း၊ အကြမ်းဖက်သင်တန်းဆင်းပြီးနောက် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်ရှိ နေအိမ်သို့ ပြန်လည်နေထိုင်ခဲ့ပြီး သူငယ်ချင်းဖြစ်သူ ကေခိုင်(ခ)ကေကေ၊ တိုးညွန့်တို့နှင့်အတူ NMD အမည်ခံ အကြမ်းဖက်အဖွဲ့အတွက် ထောက်ပို့လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်၌ လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည့် တရားခံ နှစ်ဦး၏ မှတ်တမ်းဓာတ်ပုံ



သီတာစိုး(ခ)မစိုး(၃၆)နှစ်



တိုးညွန့်(၃၉)နှစ်

အောင်မြေသာစံမြို့နယ် ပြည်ကြီးရန်လုံရပ်ကွက်၌ ဖမ်းဆီးရမိခဲ့သည့်တရားခံ၏ မှတ်တမ်းဓာတ်ပုံ



ကေခိုင်(ခ)ကေကေ(၃၉)နှစ်

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များအရ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နေ ဖမ်းဆီးရန်ကျန်တရားခံတစ်ဦးမှ လက်နက်/ခဲယမ်းများကို ကားဂီယာဘောက်အဟောင်းများအတွင်း သိုဝှက်ထည့်သွင်း၍ ခရီးသည်တင်ယာဉ်များဖြင့် ပို့ဆောင်ပေးပြီး မန္တလေးသို့ ရောက်ရှိစဉ် သီတာစိုး(ခ)မစိုး၊ ကေခိုင်(ခ) ကေကေနှင့် တိုးညွန့်တို့က ကားဂိတ်တွင် သွားရောက်ယူဆောင်ကာ စစ်ကိုင်းမြို့နယ် ၁၄ မိုင်ကျေးရွာအနီး၌ NMD အမည်ခံ အကြမ်းဖက်အဖွဲ့မှ ဖမ်းဆီးရန်ကျန် တရားခံ **မျိုးမင်းရန်နိုင်**ထံသို့ ပို့ဆောင်ပေးရကြောင်း၊ ၂၀၂၃ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၄ ခုနှစ် ဇန်နဝါရီလအထိ လက်နက်/ခဲယမ်းများအား လေးကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား လျှို့ဝှက်၍ ဆုငွေများ ထိုက်တန်စွာ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါ ကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။





အောင်မြေသာစံမြို့နယ် မင်းတဲအီကင်းရပ်ကွက်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

**သတင်းစဉ်**

## PDF အမည်ခံအကြမ်းဖက်သမားများက မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာရှိ မဟာဒက္ခိဏာရာမကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်နှင့် ကပ္ပိယတို့ကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်

နေပြည်တော် ဖေဖော်ဝါရီ ၅

အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် ထုတ်ပြန်ကြေညာထားသည့် NUG၊ CRPH နှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများ၏ ရက်ရက်စက်စက်သတ်ဖြတ်မှုကြောင့် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာရှိ ဆရာတော်တစ်ပါး ပျံလွန်တော်မူခဲ့ပြီး ကပ္ပိယတစ်ဦးတို့ သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယနေ့နံနက် ၆ နာရီခွဲခန့်တွင် မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာ မဟာဒက္ခိဏာရာမကျောင်းတိုက်၌ သီတင်းသုံးနေထိုင်လျက်ရှိသည့် ကျောင်းထိုင်ဆရာတော် ဦးဝိသုဒ္ဓ(၃၃)နှစ်၊ ဝါတော်(၁၄)ဝါနှင့် ကပ္ပိယဖြစ်သူ ဦးစန်းမောင်တို့ နှစ်ဦးအား PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့လာရောက်ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်တွင် ဆရာတော်နှင့် ကပ္ပိယဖြစ်သူတို့ကို ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အမြန်ဆုံးဖမ်းဆီးရမိရေး လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အကြမ်းဖက်သမားများအနေဖြင့် မြန်မာနိုင်ငံသားအများစု ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာ ရဟန်းသံဃာများကို ယခုကဲ့သို့ သတ်ဖြတ်နေမှုများကို ပြည်သူတစ်ရပ်လုံးက ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် သရက်ကန်တောင်ကျေးရွာရှိ မဟာဒက္ခိဏာရာမကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော်နှင့် ကပ္ပိယတို့အား PDF အမည်ခံအကြမ်းဖက်သမားများက လုပ်ကြံသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်နေရာပြပုံ။

ဥပဒေ
ဘောင်အတွင်း
နေထိုင်ခြင်း
ဘေးကင်း
ရန်ကွာ
လွန်ချမ်းသာ

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်း



နေပြည်တော် ဖေဖော်ဝါရီ ၅

ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်က လက်နက်များ တပ်ဆင်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး စစ်ဝတ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

**လိုက်လံနှုတ်ဆက်**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်နှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ရေတာရှည်မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြေစိုက်ပိုစတာစိုက်ထူ

ရေတာရှည် ဖေဖော်ဝါရီ ၅

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အမျိုးသားရေး ဦးတည်ချက်(၅)ရပ်ပါ မြေစိုက်ပိုစတာ စိုက်ထူခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရန်ကုန်-မန္တလေး ကားလမ်းမကြီးဘေး အခြေခံပညာ အထက်တန်းကျောင်းရှေ့နှင့် ရေတာရှည်မြို့



အဝင်တွင် စိုက်ထူသည်။

မြေစိုက်ပိုစတာစိုက်ထူခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းက ဦးဆောင်၍ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့သည်။

ထို့နောက် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အကြို စာစီစာကုံးနှင့် ကဗျာရွတ်ပြိုင်ပွဲများကို အခြေခံပညာအထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ ထက်၊ လယ်၊ မူ အဆင့်ပြိုင်ပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲကျင်းပ

ပြည် ဖေဖော်ဝါရီ ၅

ပြည်တက္ကသိုလ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (၇၇) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်္ဂလိပ်စာနှင့်သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက ပြည်တက္ကသိုလ် Theatre ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသက်လွင်က ပြိုင်ပွဲများကျင်းပရခြင်းရည်ရွယ်ချက်နှင့် ပြိုင်ပွဲဝင်စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲကို နံနက်ပိုင်းတွင် အတန်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ၂၅ ဦးဖြင့်လည်းကောင်း၊ သင်္ချာစွမ်းရည်ပြိုင်ပွဲကို မွန်းလွဲပိုင်းတွင် ကျောင်းသား ကျောင်းသူ ၄၀ ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲအခမ်းအနားသို့ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ(ဌာနမှူးများ)၊ အမှတ်ပေးအကဲဖြတ်ကြသည့် ဒိုင်အဖွဲ့၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဇလွန်မြို့နယ်၌ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်

ဇလွန် ဖေဖော်ဝါရီ ၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဇလွန်မြို့လမ်းမတော်မြောက်ရပ်ကွက် ဒူးယားလမ်း ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီတွင် ကျင်းပသည်။

ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ခေတ္တညွှန်ကြားရေးမှူး ဦးအောင်ကျော်စိုး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးတင်ထွန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

အဆိုပါလမ်းသစ်သည် အရှည် ၄၆၈ ပေ၊ အကျယ် ၁၆ ပေ၊ ဒု ရစ်ကပ်ဖြစ်ပြီး ငွေကျပ် ၃၇ သိန်း ၀ ကျပ်သန်းဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီက ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် ကန့်သတ်မှုမရှိသော (ငွေလုံးငွေရင်း ရန်ပုံငွေ)ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိတ္ထီလာမြို့နယ်၌ မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေး

မိတ္ထီလာ ဖေဖော်ဝါရီ ၅

မိတ္ထီလာခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များသည် ယနေ့နံနက် ၁၀ နာရီက မိတ္ထီလာမြို့နယ် ကန်တောင်ကျေးရွာရှိ ပညာပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်းတွင် မီးဘေးလုံခြုံရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပြည့်စုံစွာထားရှိရန်၊ မီးအသုံးပြုရာတွင် လိုက်နာရမည့်အချက်များကို အသိပညာပေးခြင်းများနှင့် ကျောင်းသား ကျောင်းသူများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်မီးသတ်**



## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၂-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၆၅ | ၂၈၁၅ | ၂၈၀၅ | ၂၇၇၅ | ၂၈၁၀ | ၂၈၃၅ | ၂၈၂၀ | ၂၈၀၀ | ၂၈၉၅ | ၂၉၁၀ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၀ | ၂၈၅၀ | ၂၈၅၅ | ၃၀၈၀ | ၃၁၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၄၀ | ၂၉၃၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၆၀ | ၂၉၄၅ | ၂၉၂၅ | ၃၀၂၀ | ၃၀၄၀ | ၂၉၃၀ | ၂၉၄၅ | ၂၉၇၅ | ၂၉၇၅ | ၂၉၈၀ | ၃၂၁၀ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၅၅ | ၂၆၀၀ | ၂၅၉၅ | ၂၅၆၀ | ၂၆၀၀ | ၂၆၂၅ | ၂၆၂၀ | ၂၅၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၅၉၀ | ၂၆၀၀ | ၂၆၄၀ | ၂၆၄၀ | ၂၆၄၀ | ၂၈၇၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၀၅ | ၂၆၄၅ | ၂၆၇၀ | ၂၆၆၅ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၅ | ၂၆၈၅ | ၂၆၈၅ | ၂၉၁၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၁၀ | ၂၆၆၀ | ၂၆၆၀ | ၂၆၂၀ | ၂၆၆၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၇၆၅ | ၂၇၆၀ | ၂၆၅၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၀၀ | ၂၇၀၀ | ၂၉၃၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၃၈ | ၂၇၂၅ |
| 95 Ron | ၂၇၆၀ | ၂၈၄၉ |
| HSD (500 ppm) | ၂၄၃၃ | ၂၅၁၁ |
| HSD (50 ppm) | ၂၄၇၆ | ၂၅၅၆ |
| HSD (10 ppm) | ၂၄၉၁ | ၂၅၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲ ကျင်းပ

**မော်လမြိုင် ဖေဖော်ဝါရီ ၅**

ပြည်နယ်အဆင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ်အတွင်း ရေဘေး၊ မြေပြိုဘေး၊ လေပြင်းဘေး၊ မုန်တိုင်းဘေး၊ မိုးကြိုးဘေးနှင့် မီးဘေးများကို နှစ်စဉ်ကြုံတွေ့နေရကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သဘာဝဘေးအန္တရာယ်နှင့် ပတ်သက်သည့် ဗဟုသုတများကိုသိရှိပြီး မိမိနေထိုင်ရာ တာဝန်ကျရာ ဒေသများသို့ ပြန်လည်ရောက်ရှိသည့်အခါ မိမိတို့ဆည်းပူး လေ့လာခဲ့သည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုပညာရပ်များကို ထိရောက်စွာ အသုံးချပြီး ပြည်သူလူထု၏ အသက်၊ အိုးအိမ် စည်းစိမ်များကို ဘေးအန္တရာယ်များမှ ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် ကူညီဆောင်ရွက်နိုင်ကြပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးသိန်းဌွေးအောင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းသားများထံ ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ရာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လက်ခံရယူပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သင်တန်းသားများနှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ သင်တန်းသားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။



အဆိုပါပြည်နယ်အဆင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၂၄)ကို ပြည်နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၅၀ တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလ ငါးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကံမမြို့နယ်၌ နွေစပါးစိုက်ပျိုးမည့်ရေိယာများအား စုပေါင်းလယ်ကြားမြောင်း ဖောက်လုပ်ပွဲ ကျင်းပ

**ကံမ ဖေဖော်ဝါရီ ၅**

သရက်ခရိုင် ကံမမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က မြို့နယ်အတွင်းရှိ နွေစပါးစိုက်ပျိုးမည့် ဧရိယာများတွင် စုပေါင်းလယ်ကြားမြောင်း ဖောက်လုပ်ပွဲကို ယနေ့နံနက်ပိုင်းက ပွတ်စုကျေးရွာ ကွင်းအမှတ်(၁၆၂-ခ)၌ ကျင်းပသည်။

အခမ်းအနားတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦးက လယ်ကြားမြောင်း ဖောက်လုပ်ရခြင်း ရည်ရွယ်ချက်ကို ဆွေးနွေးမှာကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအုန်းဌွေးနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက နွေစပါးလျာထား ၁၈၂၇ ဧက ပြည့်မီအောင်စိုက်ပျိုးရေး၊ တစ်ဧက တင်း ၁၅၀ ထွက်ရှိရေး ရည်မှန်းဆောင်ရွက်လျက်ရှိသည့် ဆာဖိုးသာမျိုး ပြောင်းလဲစိုက်ပျိုးရေး၊ ပျိုးထောင်စိုက်နှင့် Seeder စိုက် အသုံးပြုလျက် စိုက်နည်းစနစ်မှန်ကန်ရေး၊ သွင်းအားစုများ ထည့်သွင်းရေး၊ လယ်ကြားမြောင်းများဖောက်လုပ်ရေး၊ ကွင်းဆင်းပညာပေးရေး၊ Water User Group များ ဖွဲ့စည်းရေး စသည့် ဆောင်ရွက်ထားရှိသည့် အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက တောင်သူများ၏ စုပေါင်းလယ်ကြားမြောင်း ဖောက်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။ ကံမမြို့နယ်၌ ယခုနှစ်တွင် မဒေးဆည်ရေသောက်ဧရိယာအတွင်း နွေစပါး ၁၇၂၇ ဧကနှင့် ခြောက်ထောင့်ဆိုလာလျှပ်စစ်ရေတင်ဧရိယာအတွင်း ဧက ၁၀၀ စုစုပေါင်း ၁၈၂၇ ဧကလျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(တောင်ကြီး)တွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**တောင်ကြီး ဖေဖော်ဝါရီ ၅**

ရှမ်းပြည်နယ် တောင်ကြီးမြို့အတွင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေး မွေးစမှ သေဆုံးသည်အထိ ဘဝတစ်သက်တာ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးရန် လိုအပ်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကျန်းမာရေးဝန်ထမ်းများ ရင်းနှီးကျွမ်းဝင်အောင် ပြုလုပ်ပေးသည့် Orientation ကို ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတွင် ဖေဖော်ဝါရီ ၁ ရက်မှ ၃ ရက်အထိ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြင့်မြင့်သန်းက



အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ရှမ်းပြည်နယ်(တောင်ကြီး) ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်၊ တာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၁ ရက်တွင် တောင်ကြီးမြို့နယ်ရှိ ခုခံကျ/ကာလသားရောဂါ တိုက်ဖျက်ရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာနများ၊ ဒေသန္တရကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာနနှင့် တောင်ကြီးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့အား ကွင်းဆင်းစစ်ဆေးပြီး အစည်းအဝေးခန်းမတွင် ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးသည်။ ဖေဖော်ဝါရီ ၂ ရက်တွင် တောင်ကြီးမြို့နယ်ရှိ နောင်ကားကျေးလက်ကျန်းမာရေး ဌာန၊ ဖာမွန်း ကျေးလက်ကျန်းမာရေးဌာနခွဲသို့ ကွင်းဆင်းဆောင်ရွက်ကြောင်းနှင့် ဖေဖော်ဝါရီ ၃ ရက်တွင် တောင်ကြီးမြို့နယ် တောင်နီကျေးလက် ကျန်းမာရေးဌာန၊ ညောင်ရွှေမိခင်ကလေးကျန်းမာရေးဌာန၊ နန်းပန်ကျေးလက်ကျန်းမာရေးဌာန၊ သာလေးကျေးလက် ကျန်းမာရေးဌာနခွဲတို့ကို သွားရောက်၍ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

**❂ အမှတ်ပေးဇယားထိပ်မှ**

အတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပထမပိုင်းပွဲကစားချိန် ၄၅ မိနစ်ကုန်ဆုံးပြီး နာကျင်အချိန်ပိုသုံးမိနစ်မှာ ဂါဘရီယယ်လ်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့ သွင်းဂိုးကနေ ရရှိခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ တိုက်စစ်မှူး မိုဟာမက်ဆာလာ အီဂျစ်အသင်းနဲ့အတူ အာဖရိကနိုင်ငံများဖလား သွားရောက်ကစားခဲ့ရခြင်းကြောင့် ဒဏ်ရာရရှိကာ အခုအာဆင်နယ်အသင်းနဲ့ ပွဲစဉ်မှာ မပါဝင်နိုင်ခဲ့ခြင်းဟာ တိုက်စစ်ပိုင်းအားနည်းချက်တစ်ခုဖြစ်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းကတော့ အမှတ်ပေးဇယားထိပ်ဆုံးက လီဗာပူးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်နောက်ဆုံးသုံးပွဲဆက်နိုင်ပွဲရရှိခဲ့တဲ့အပြင် ဇယားထိပ်က လီဗာပူးအသင်းကိုလည်း နှစ်မှတ်အကွာနဲ့ ဆက်လက်ဖိအားပေးနိုင်ခဲ့တာဖြစ်ပါတယ်။

လီဗာပူးအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပြိုင်ပွဲစုံ ၁၂ ပွဲဆက်ရှုံးပွဲမရှိ စံချိန်တင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပေမယ့် လက်ရှိအချိန်မှာ လီဗာပူးအသင်းဟာ ရမှတ် ၅၁ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာ ဆက်လက်ဦးဆောင်ခွင့်ရရှိနေတာဖြစ်ပါတယ်။

**ငွေကြယ်**

**တစ်လှေတည်းစီး**
**တစ်ခရီးတည်းသွား**
**ပြည်ထောင်စုသား**
**သွေးချင်းများ**
**တွဲထားလက်များ**
**ခိုင်စေသား**

**✴ ကျောဖုံးမှ**

ဆိုတဲ့အခါ တချို့တောင်သူလယ်သမားတွေကိုယ်၌က အများကြီး သိပ်ပြီး ထုတ်မရောင်းတာ တွေ့ရပါတယ်။ လှောင်လက်တွေ လက်ထဲမှာလည်း စပါးလက်ကျန်၊ ဆန်လက်ကျန် ရှိပါတယ်။ လှောင်လက်တွေ လက်ထဲက စပါးလက်ကျန်၊ ဆန်လက်ကျန် ဈေးကွက်ထဲကို ထွက်လာအောင်လုပ်ဖို့အတွက်လည်း အစီအစဉ်တွေ ရှိပါတယ်”ဟု ၎င်းကပြောသည်။

၂၀၂၃ ခုနှစ်နိုဝင်ဘာ ၄ ရက်မှ စတင်ပြီး ဇန်နဝါရီလကုန်အထိ သိုလှောင်ရုံအလုံးပေါင်း ၃၀၀ ခန့် မှတ်ပုံတင်သည့်အနေအထားရှိပြီး သိုလှောင်ရုံမှတ်ပုံတင်သည့် လုပ်ငန်းစဉ်တွင် ပါဝင်လာအောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်း၌ ဆန်၊ စပါးလက်ကျန်ပမာဏ မည်မျှရှိသည်နှင့် ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် အခြေအနေကို ပို၍ သေသေချာချာ စဉ်းစားသုံးသပ်နိုင်မည့် အနေအထားဖြစ်ကြောင်း ဦးရဲမင်းအောင်က ပြောသည်။

“နိုဝင်ဘာလ ၄ ရက်ကနေစတင်ပြီး ဇန်နဝါရီလကုန်အထိ သိုလှောင်ရုံအလုံးပေါင်း ၃၀၀ လောက် မှတ်ပုံတင်တဲ့အနေအထားရှိပါတယ်။ ပြည်နယ်နဲ့ တိုင်းဒေသကြီးအားလုံးနီးပါး မှတ်ပုံတင်တဲ့အစီအစဉ် ဖြစ်ပါတယ်။ သိုလှောင်ရုံအလုံး ၃၀၀ ဆိုတော့ ပမာဏတော်တော်များပါတယ်။ ကျန်တဲ့ သိုလှောင်ရုံတွေလည်း ထပ်ပြီးတော့ မှတ်ပုံတင်တဲ့အစီအစဉ်မှာ ပါဝင်လာအောင် ဆောင်ရွက်ခြင်းအားဖြင့် ပြည်တွင်းမှာ ဆန်လက်ကျန်ဘယ်လောက်ရှိတယ်၊ စပါးလက်ကျန် ဘယ်လောက်ရှိတယ်ဆိုတဲ့ ကုန်ရ၊ ကုန်ထုတ်၊ ကုန်လက်ကျန် အခြေအနေကို ပိုပြီးတော့ သေချာလေးစဉ်းစားသုံးသပ်နိုင်မယ့် အနေအထားဖြစ်တယ်ဆိုတဲ့ အခြေအနေကို သုံးသပ်နိုင်မှာဖြစ်တယ်”ဟု ၎င်းက ပြောသည်။

လက်ရှိ ဆန်ဈေးနှုန်းမြင့်တက်မှုအပေါ် ထိန်းညှိဆောင်ရွက်ရန်အတွက် ပို့ကုန်ဆန် ပြည်ပတင်ပို့မှုကိုလည်း ဆန်ကွဲနှင့် ပေါင်းဆန်ကို ဦးစားပေးပြီး ဆန်ဖြူဆိုပါက အကန့်အသတ်ဖြင့် ၅ မှတ်ဆန်ကိုသာ တင်ပို့မည့်လုပ်ငန်းစဉ်ကို ဖေဖော်ဝါရီလ၊ မတ်လတွင် စတင်ဆောင်ရွက်နိုင်ရန် ဝန်ကြီးဌာနကိုတင်ပြ၍ အတည်ပြုချက်ရယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **MT**

**❖ ရှမ်းယူနိုက်တက်အသင်းမှ**

ထို့ပြင် သက်ဟိန်းစိုးသည် မြန်မာ ယူ-၂၃ အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတွင် ရွေးချယ်ခံထားရသူဖြစ်ပြီး ၂၀၂၃ ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းအတွက် သုံးဂိုးအထိ သွင်းယူပေးခဲ့သူဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် သက်ဟိန်းစိုး မတိုင်မီ စအောင်ပြည့်ကို၊ ကောင်းမြတ်သူ၊ သက်မိုးနှင့် အောင်မင်းစိုးတို့ကို ခေါ်ယူထားပြီးဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုလအတွင်း ကစားသမားသစ်များ ထပ်မံခေါ်ယူမည်ဖြစ်သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - SUFC**



## ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် ဖေဖော်ဝါရီ ၅

ကံပိုင်တည်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ကုန်သွယ်မှုလျာထားချက်မှာ ပို့ကုန် ၁၈ ဒသမ ၀၀၀ ဒေါ်လာသန်း၊ သွင်းကုန် ၂ ဒသမ ၅၀ ဒေါ်လာသန်း စုစုပေါင်း ၂၀ ဒသမ ၅၀ ဒေါ်လာသန်းဖြစ်သည်။ ဖေဖော်ဝါရီ ၃ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ၄ ဒသမ ၂၆၇ ဒေါ်လာသန်းနှင့် သွင်းကုန် သုည ဒသမ ၅၀၅ ဒေါ်လာသန်း စုစုပေါင်း ၄ ဒသမ ၇၇၂ ဒေါ်လာသန်းဖြစ်သဖြင့် ကုန်သွယ်မှုလျာထားချက်အပေါ် ၂၃ ဒသမ ၂၇၈ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ အဓိကပို့ကုန်ဖြစ်သည့် တစ်သျှူးငှက်ပျော တန် ၁၄၉၅၀၊ ဧည့်မထဆန် တန် ၆၂၀၊ ဖရဲသီး တန် ၁၀၀၊ ငရုတ်သီး ၄၀၈ တန်၊ ကြက်သွန်နီ ၄၇၇ တန်နှင့် ရွှေဖရုံသီး ၅၁၄ တန် တင်ပို့နိုင်ခဲ့သည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် သံကြိုးခွေ၊ မြက်ခင်းတုနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၁၉၄ တန်၊ လုပ်ငန်းသုံးပစ္စည်း တန် ၂၅၀ နှင့် လူသုံးကုန်ပစ္စည်း ၂၅၆ တန်တို့ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

## ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဖေဖော်ဝါရီ ၅

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ပုစွန်၊ ရေဘဝဲ၊ ကဏန်း၊ ကင်းမွန်(စို/ခြောက်)၊ ငါးပါကင်တို့ ဖြစ်သည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ အများဆုံး တင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ စက်ဟောက် ၁၈၉ ဒသမ ၉၆၇ တန်၊ ငါးနီငယ် ၁၇၀ ဒသမ ၆၃၀ တန်၊ တူးခက် ၈၂ ဒသမ ၃၃၀ တန်၊ တာဝမ် ၁၄၈ ဒသမ ၈၉၀ တန်၊ ဘောင်းကြေး ၂၈၉ ဒသမ ၂၃၀ တန်၊ ငါးမည်းလုံး ၂၂၅ ဒသမ ၂၈၀ တန်၊ ငါးပုလွေ ၁၆၃ ဒသမ ၅၄၀ တန်၊ ကဗျက် ၁၅၃ ဒသမ ၅၇၀ တန်၊ ငါးဗျောသီး ၈၁ ဒသမ ၇၆၀ တန်နှင့် လိုင်းဝါ ၁၃၇ ဒသမ ၈၈၀ တန်တို့ဖြစ်ကြောင်း သိရသည်။



## ကျောက်ဆည်ခရိုင်အတွင်း ဆောင်းကုလားပဲများ စတင်ထွက်ပေါ်

မန္တလေး ဖေဖော်ဝါရီ ၅

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်၌ ဆောင်းကုလားပဲ စိုက်ပျိုးမှုအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၂၈၄၂၆ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၁၆၃၀၄ ဧက၊ မြစ်သားမြို့နယ်တွင် ၃၃၆၁၂ ဧက စုစုပေါင်း ၇၈၃၄၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။



ဆောင်းကုလားပဲ များကို အောက်တိုဘာလတွင် မိုးရေအစိုဓာတ်ဖြင့် လည်းကောင်း၊ ရေစက်များဖြင့် ရေတင်၍လည်းကောင်း ယာမြေများ၌ စိုက်ပျိုးကြကြောင်း၊ V2 မျိုးနှင့် ရိုးရိုးကုလားပဲလုံးသေး မျိုးများကို စိုက်ပျိုးကြသည့်အနက် V2 ကုလားပဲမျိုးကိုသာ အများဆုံး စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် စုစုပေါင်း ကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယာမြေများတွင် အစောဆုံးစိုက်ပျိုးသော ဆောင်းကုလားပဲများမှာ ယခုအချိန်တွင် စတင်ထွက်ပေါ်နေပြီဖြစ်ကြောင်း၊ ဈေးနှုန်းအနေဖြင့် ဆောင်းကုလားပဲ စတင်ထွက်ပေါ်ချိန်တွင် ကုလားပဲရိုးရိုး တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဖြင့်လည်းကောင်း၊ ကုလားပဲ V2 တစ်တင်းလျှင် ကျပ် ၉၈၀၀၀ ဖြင့် လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်ဧကလျှင် ကျပ် ၄၃၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းကောင်းမွန်ကာအကျိုးအမြတ်များရရှိသောကြောင့် တောင်သူများအနေဖြင့် ကုလားပဲသီးနှံကို ပိုမိုစိုက်ပျိုးကြကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။



## စဉ့်ကိုင်မြို့၌ အရောင်းအဝယ်သွက်နေသော ခရမ်းသီးဈေးကွက်

စဉ့်ကိုင် ဖေဖော်ဝါရီ ၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ ကျောက်ဆည်မြို့နယ်အတွင်းရှိ ပုန်းညက်ကျေးရွာ၊ အင်ရောင်းကျေးရွာနှင့် မင်းစုကျေးရွာတို့တွင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ခရမ်းသီးကို အများဆုံး စိုက်ပျိုးကြကြောင်း သိရသည်။

စိုက်ပျိုးရာတွင် မျိုးစေ့ကိုပျိုးထောင်ပြီး တစ်လခွဲသားအရွယ်တွင် စိုက်ပျိုးရပြီး မျိုးအနေဖြင့် ခရမ်းသီးအလုံးသေးမျိုး (မြှုပ်ခရမ်း)နှင့် အလုံးကြီးမျိုး (555) မျိုးများကို နေရာဒေသအလိုက် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး နှစ်လခွဲသုံးလအကြာတွင် ခရမ်းသီးများကို စတင်ခူးဆွတ်နိုင်ပြီး လေးရက်ခြားတစ်ကြိမ် ခူးဆွတ်ရကြောင်း၊ စတင်ခူးဆွတ်သည်မှ စတင်၍ တစ်ပတ်ထက်တစ်ပတ် အထွက်နှုန်း ပိုလာကြောင်း၊ တစ်ဧက အထွက်နှုန်းအနေဖြင့် တစ်ပတ်လျှင် အလုံးသေးမျိုး (မြှုပ်ခရမ်း) မှာ ၃၀၀-၄၀၀ ပိဿာခန့်နှင့် အလုံးကြီးမျိုး (555) မှာ ၅၀၀-၆၀၀ ပိဿာခန့် အထိ ထွက်ရှိပြီး အနည်းဆုံး လေးလကျော်အထိ ခူးဆွတ်နိုင်ကြောင်း၊ တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၈၀၀၀၀၀ ခန့်ကုန်ကျကြောင်း၊ လက်ကားဈေးနှုန်းအနေဖြင့် ခရမ်းသီးအလုံးသေး (အမြှုပ်ခရမ်း) တစ်ပိဿာလျှင် ကျပ် ၅၀၀ ဖြင့် လည်းကောင်း၊ အလုံးကြီးမျိုး (555) တစ်ပိဿာလျှင် ကျပ် ၄၀၀ ဖြင့်လည်းကောင်း စဉ့်ကိုင်မြို့ပေါ်ရှိ ပွဲစားများက ခရမ်းသီးစိုက်ခင်းသို့ လာရောက်ဝယ်ယူကြပြီး ရန်ကုန်၊ မော်လမြိုင်နှင့် ညောင်တုန်းမြို့များသို့ တင်ပို့ရောင်းချကြကြောင်း၊ ခရမ်းသီးအလုံးကြီးမျိုးမှာ အရောင်းအဝယ်အေး၍ အလုံးသေးမျိုး(မြှုပ်ခရမ်း)မှာ အရောင်းအဝယ်သွက်လျက်ရှိကြောင်း ခရမ်းသီးစိုက်ပျိုးသည့် တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၅.၂.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နှမ်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၇၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၆၀၀ | | ၇၃၀၀ | ၁၇၀၀၀ | ၆၄၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၆၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၈၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၇၀၀၀ |
| ၄ | တောင်ကြီး | ၃၃၀၀ | ၃၁၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၉၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၄၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၂၈၀၀ | ၁၈၀၀၀ | ၁၁၀၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၉၀၀ | ၄၂၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၅၈၅ | ၁၆၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၃၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၇၅၀ | ၁၇၀၀၀ | ၆၀၃၀ | ၁၃၅၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၈၀၀ | | ၅၈၀၀ | ၁၆၀၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၅၀၀ | ၁၂၀၀၀ | ၈၃၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၃၅၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၄၇၅ | ၁၈၀၀၀ | ၃၂၀၀ | ၂၂၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၈၀၀ | ၄၆၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၄၅၀ | | ၅၂၅၀ | ၁၆၀၀၀ | ၅၇၀၀ | ၁၃၀၀၀ | ၂၀၀၀ | ၂၁၀၀၀ | ၁၁၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၆၀၀ | ၄၀၀၀ | ၃၂၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၈၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၆၅၀၀ | | ၈၀၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၂၀၀ | ၄၀၀၀ | ၅၈၀၀ | ၁၂၅၀၀ | ၆၁၀၀ | ၁၂၀၀၀ | ၂၅၀၀ | ၁၆၀၀၀ | ၁၃၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀ | ၇၀၀၀ | ၇၂၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၁၀၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၉၇၅ | ၁၃၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၈၀၀ | ၆၈၀၀ | ၅၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၁၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၇၀၀၀ | ၂၃၀၀ | ၁၆၅၀၀ | ၁၃၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၆၅၀ | ၇၅၀၀ | ၈၅၀၀ | ၂၈၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၁၅၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၅၀၀၀ | ၁၂၅၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၂၀၀ | ၆၂၀၀ | ၃၂၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၅၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၈၅၀ | ၁၈၀၀၀ | ၃၅၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၆၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၅၀၀ | ၆၈၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၃၆၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၁၂၀၀၀ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၅-၂-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၁၁၈။ | မကွေးတိုင်းဒေသကြီးအစိုးရ၊ ဂေါပကအဖွဲ့များကောင်းမှု | ၅၀၀၀၀၀၀ |
| ၈၁၁၉။ | ဧရာဝတီတိုင်းဒေသကြီးအစိုးရ၊ ဂေါပကအဖွဲ့များကောင်းမှု | ၂၀၀၀၀၀၀ |
| ၈၁၂၀။ | ဦးအောင်သင်းနှင့်ဇနီး ဒေါ်အေးအေးသိန်း၊ (သမီး)မနေဝါပွင့်အောင်၊ မချောစုလွင်အောင်၊ (သား)မောင်နိုင်ထူးအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၁၂၁။ | ဦးသောင်းတင့်နှင့်ဇနီး ဒေါ်မူမူနွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၁၂၂။ | ကွယ်လွန်သူ ဖခင် ဦးရွှေရနှင့် မိခင် ဒေါ်သိန်းရင် တို့အားရည်စူး၍ ဦးစန်းရွှေနှင့်ဇနီး ဒေါ်ကြည်ကြည်ရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၁၂၃။ | ဦးကျော်ပိုင်နှင့်ဇနီး ဒေါ်အိအိမြတ်၊ (သား)ချမ်းကျော်ကျော်ပိုင်မိသားစုကောင်းမှု | ၅၀၀၀၀၀ |
| ၈၁၂၄။ | ဦးသန်းထိုက်ဝင်းနှင့်ဇနီး ဒေါ်သီတာမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၁၂၅။ | ဒုတိယဗိုလ်မှူးကြီးကြည်စိုး(ငြိမ်း)နှင့်ဇနီး ဒေါက်တာစန္ဒာဆွေ မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၁၂၆။ | အောင်ဆန်းတောရတပ်ဦးကျောင်းတိုက်ဆရာတော်နှင့် တပည့်များကောင်းမှု | ၂၀၈၈၀၀ |
| ၈၁၂၇။ | ဦးခင်ဇော်နှင့်ဇနီး ဒေါ်သီဂီအောင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၁၂၈။ | ဦးမောင်မောင်ခင်နှင့်ဇနီး ဒေါ်ငွေတင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၁၂၉။ | မကွေးမြို့ သမဝါယမစာရင်းရေး/စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း သင်တန်းသား/သင်တန်းသူများကောင်းမှု | ၁၅၀၀၀၀ |
| ၈၁၃၀။ | ဦးစိုင်းညွာနှင့် ဒေါ်နန်းမြ၊ (သား)ကိုမျိုးဝင်းမောင်နှင့်ဇနီး မအေးချမ်းဖြူမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၈၁၃၁။ | ကွယ်လွန်သူ အရာခံဗိုလ်မြဝင်းကျော်(ငြိမ်း)အား ရည်စူး၍ ဝန်ထမ်းမောင်နှမများမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၃၂။ | ကွယ်လွန်သူမိဘနှစ်ပါးအားရည်စူး၍ (သမီး)ဒေါက်တာရီရီအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၃၃။ | ဦးခင်မောင်မြင့်နှင့်ဇနီး ဒေါ်တင်တင်မြိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၁၃၄။ | ဒေါက်တာချာလီသန်းနှင့်ဇနီး ဒေါ်နီလာစိန် မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၁၃၅။ | ဗိုလ်မှူးကြီးမျိုးမင်းထွေးနှင့်ဇနီး ဒေါ်ဝါနု မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၃၆။ | ဦးထွန်းမြင့်ကျော်နှင့်ဇနီး ဒေါ်အေးအေးဝင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၃၇။ | ဦးသန်းထွန်းနှင့်ဇနီး ဒေါ်နီလာအောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၃၈။ | ဒေါ်ခင်အေးလှိုင်နှင့် (သမီး)ဒေါက်တာဝင့်ဝါဝါလှိုင်၊ ဒေါက်တာဝင့်ရွှေဝါလှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၃၉။ | ဦးထိန်ဝင်းနှင့်ဇနီး ဒေါ်သန်းနွဲ့မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၄၀။ | ဦးအောင်သန်းနှင့်ဇနီး ဒေါ်ကြည်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၄၁။ | ကွယ်လွန်သူ ဦးသိန်းတန်နှင့် (သား) ဗိုလ်ကြီးချစ်ကောင်း တို့အားရည်စူး၍ ဒေါ်မြရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၄၂။ | ကိုသန်းနိုင်ဦးနှင့်ဇနီး မစုစုဝင်း၊ (သမီး)မသဲစုနိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၄၃။ | ကွယ်လွန်သူ ဦးဝင်းသူထိုက်အားရည်စူး၍ ဒေါ်လဲ့လဲ့မော်၊ (သမီး)မလဝန်းအိမ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၄၄။ | ဦးစောမောင်နှင့်ဇနီး ဒေါ်လှတင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၄၅။ | ကွယ်လွန်သူမိခင်ကြီးအားရည်စူး၍ ကျန်ရစ်သူ သားငယ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၁၄၆။ | ဦးကျန်အင်ဟွာနှင့်ဇနီး ဒေါ်အေးအေးမူ၊ (သမီး)မမိုးပွင့်ဖြူ၊ မစုမြတ်ဖြူ၊ (သား)ထက်အောင်နိုင် မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၁၄၇။ | ဦးဆန်ထွန်းနှင့်ဇနီး ဒေါ်ညွန့်ညွန့်ကြည်၊ (သား)မောင်ပြည့်ဖြိုးမောင်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၁၄၈။ | ကိုရဲထွန်းနှင့်ဇနီး မစန်းပြည့်ပြည့်ဝင်း မိသားစုကောင်းမှု | ၆၀၀၀၀ |

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၁၄၉။ | ဦးကျော်ဇံလှမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၁၅၀။ | ဦးမင်းကျော်ထင်နှင့်ဇနီး ဒေါ်လဲ့လဲ့ထွေး၊ (သမီး)မပိုးနဒီမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၈၁၅၁။ | ကွယ်လွန်သူဖခင် ဦးလှကြိုင်နှင့် မိခင်ဒေါ်ကြည်ကြည်ဝင်း တို့အားရည်စူး၍ ဒေါက်တာဝင်းဌေးအောင်နှင့်ဇနီး ဒေါ်မြမြကြိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၂။ | ကွယ်လွန်သူ ဗိုလ်မှူးအောင်သူအားရည်စူး၍ ဒေါ်မြင့်မြင့်နိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၃။ | ကွယ်လွန်သူ ဒေါ်ခင်အေးအားရည်စူး၍ ဦးစံငွေ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၄။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးရဲဝင်းနှင့်ဇနီး ဒေါ်နှင်းနွယ်ဝင်းအေး၊ (သား)မောင်ရဲသွေးအောင်၊ (သမီး)မကြည်ဖြူနှင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၅။ | ဦးကျော်တင်နှင့်ဇနီး ဒေါ်အေးတင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၆။ | ဦးမြင့်နှင့်ဇနီး ဒေါ်နှင်းကြည်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၇။ | ဦးထွန်းထွန်းလှနှင့်ဇနီး ဒေါ်တင်မာလွင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၈။ | ဘိုး၊ ဘွား၊ မိဘတို့အားရည်စူး၍ ဦးတင်ထွန်းဦးနှင့်ဇနီး ဒေါ်ဝါဝါဝင်း၊ (ညီမ)ဒေါ်မြသန္တာထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၅၉။ | ဦးမောင်မောင်နှင့်ဇနီး ဒေါ်ခင်စန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၆၀။ | ဒေါ်စိန်စိန်နှင့် သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၈၁၆၁။ | ဦးအောင်မြင့်နှင့်ဇနီး ဒေါ်ခင်မျိုးဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၆၂။ | ကွယ်လွန်သူဖခင်ကြီး ဦးညိုသန်းအားရည်စူး၍ ဦးညိုဇေယျမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၆၃။ | ဦးလှအောင်နှင့်ဇနီး ဒေါ်ထွေးတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၆၄။ | နှစ်ဖက်မိဘများအားအမှူးထား၍ ဦးမြင့်ဌေးနှင့်ဇနီး ဒေါ်ချိုချိုထွန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၆၅။ | ဒေါ်လှမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၈၁၆၆။ | ဒေါ်စိန်ရွှေမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး) ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**


### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၆/မြို့မရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ ဒေါ်စန္ဒာအောင် မှတ်ပုံတင်အမှတ် [၉/မရဖ(နိုင်)၀၅၅၅၉၇]၊ အဖအမည် ဦးတင်အောင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၂၁၉၁၉)ကို ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်-၁၈၀၄၉/၂၀၂၂(၂၉-၉-၂၀၂၂)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးနေဝင်းထွန်း မှတ်ပုံတင်အမှတ်[၇/သနပ(နိုင်)၀၇၀၈၈၇]၊ အဖအမည် ဦးသန်းဝင်းမှ ဒေါ်စန်းစန်းစီ မှတ်ပုံတင်အမှတ် [၆/မမန(နိုင်)၁၁၃၉၉၂]နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံမြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### ဖခင်အမည်မှန်

ချောင်းဆုံမြို့နယ်၊ အ.မ.က (ခရိုက်သစ်)ကျောင်း၊ Grade-5 တွင် ပညာသင်ကြားနေသော မောင်ရဲနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးနေရဲမာန် [၆/မမန(နိုင်)၂၀၇၉၄၂]ဖြစ်ပါကြောင်း။

**ဦးနေရဲမာန်**

### ပျောက်ဆုံးကြောင်း

ဦးဇော်ထိုက်အောင် [၁၂/သကတ(နိုင်)၁၅၉၀၂၄] ကိုင်ဆောင်ထားသော နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **Ph:09-420287892**

**တောတောင် ပျက်ပြုန်း မြေဆီသုဉ်း၏**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃၀ အေ၊ မြေကွက်အမှတ်-၄ ဂျေ ၁/၁ဘီ/၁၊ ၊ မြေဧရိယာ- (၀.၀၆၆)ဧကရှိ မြေပိုင်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ယခုအခေါ် အမှတ်-၄၀/A၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော RC အမျိုးအစား (၂)ထပ်တိုက် အဆောက်အဦအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်သူ အမှတ်- ၄၀/အေ၊ သံလွင်လမ်း၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဦးဗစ်တာ (ခ) ဦးမျိုးမင်း (ဘ) ဦးဟံတင် [၁၂/ဗဟန(နိုင်) ၀၇၄၂၀၈] ထံမှ ဝယ်ယူရန်စရန်ငွေ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၂)ထပ်တိုက် အဆောက်အဦအပါအဝင် ယင်းတို့နှင့် ဆက်စပ်ပတ်သက်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၁၉၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၅၁၅)** |
| **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** | **အမှတ်-၁၂၊ ၂-လမ်း၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။** |
| **ဖုန်း-၀၉-၅၁၇၁၄၃၃** | **ဖုန်း-၀၉-၈၆၃၅၁၂၂၊ ၀၉-၂၅၄၄၈၈၃၃၀** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/A)၊ မြေကွက်အမှတ်(၅၅၇)၊ ဧရိယာ(၀.၀၅၃)ဧက အကျယ်အဝန်း (၂၃၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ နေထိုင်သုံးစွဲပိုင်ခွင့်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ကြောင်း အဆိုပြုသူ ဒေါ်သီရိဆွေ[၁၂/ပဇတ (နိုင်)၀၂၈၈၉၈]နှင့် ဦးဇော်လွင်အောင် [၆/မအရ(နိုင်)၁၀၃၄၆၂] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဖိုးငွေအနက်မှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးဉာဏ်လွင်မော်**
**(အထက်တန်းရှေ့နေ) (စဉ်-၅၂၄၂၁)**
**အမှတ်-၅၅၊ ၁၃-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၈၉၄၀၆၆၆၅၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅၅၊ မြေကွက်အမှတ်-၁၃၅၉/က၊ အကျယ် (၂၀ x ၆၀)ပေ၊ ပါမစ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ၁-ထပ်နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးစန်းအောင် (ဘ) ဦးမြညို့အမည်ဖြင့် ချထားပေးခြင်းခံရပြီး ၎င်းထံမှ စာချုပ်အဆက်ဆက်များဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်သူ ဦးစိုးဝင်း [၇/ဝမန (နိုင်) ၀၉၈၆၆၂] က လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ (စရန်ငွေ)ကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အိမ်နှင့်မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ဝေနှင်းစိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၇၀၇/၂၀၂၀)**
**အမှတ် (၃၂၇/ခ)၊ ဝဇီရာလမ်း၊ (၁၀၇) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၉၅၅၉၁၄၂၅၊ ၀၉-၉၆၂၅၀၄၁၄၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ မြေကွက်အမှတ်(၄၆၁)၊ ဦးဝင်းအောင်[၁၂/ကတတ(နိုင်)၀၁၆၈၃၆] အမည်ဖြင့် ချထားပေးခြင်းခံရသော ပါမစ်မြေအမျိုးအစား၊ (အရပ်ခေါ်)ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၆/၄၆၁)၊ အကျယ်အဝန်း(အလျား ၄၀ပေxအနံ၆၀ပေ)အတွင်းမှ တရားဝင် မခွဲစိတ်ရသေးသော(အလျား၂၀ပေ xအနံ၆၀ပေ)ရှိ(မူရင်းခြမ်း)ဟုခေါ်တွင်သည့် မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၃)ထပ်တိုက် အဆောက်အဦအပါအဝင် ယင်းတို့နှင့်စပ်လျဉ်းသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချသူ ဦးလှသိန်း[၁၂/ဗဟန(နိုင်)၀၇၁၁၁၄]မှ မိမိသာတရားဝင်ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အိသဲထွေး[၇/အဖန(နိုင်)၀၀၀၇၅၃]၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B, D.B.L,D.I.L,D.M.L)** | **ဒေါ်ချယ်ရီဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၂၀၃၉၀၄၁**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဗညားဒလလမ်းမကြီး၊ အမှတ် (၇၂/၇၄) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်အနက်မှ (မြေညီထပ်)၊ (တိုက်ကို မျက်နှာမူလျှင်-ညာ)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို **ဦးဇာနည်မင်းသိန်း [၁၂/ဒဂန(နိုင်)၀၂၉၅၁၁]**မှ အခန်းအမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ **ဦးထွန်းထွန်းဝင်း [၁၂/ကတတ(နိုင်)၀၃၅၇၀၈]**က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း(မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်နှင်းသီတာဖြိုး (LL.B)** | **ဦးထွန်းသူအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၇၂၀)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)** |

**အမှတ်- ၃၆၊ မြေညီထပ်၊ ၈၉-လမ်း၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀၊ ၀၉-၅၀၈၈၆၀၅**

## အများသိစေရန် ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ ဘုရားကြီးမြို့၊ကျေးရွာအမည်(ဘုရားကြီး)၊ ကွင်းအမှတ်(၃)၊ ဦးပိုင်အမှတ်(၁၄/၁)၊ ဧရိယာ(၃၀ပေx၆၀ပေ)ရှိ မြေကွက်သည် ဦးသန်းကြီးအမည်ဖြင့် တည်ရှိသော မြေကွက်ဖြစ်ပြီး အမည်ပေါက် ဦးသန်းကြီးထံမှ ဒေါ်သန်းရီမှ(၁၁-၅-၁၉၉၁)ရက်စွဲဖြင့် နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ကတိစာချုပ် ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သန်းရီ၏ သားသမီးများဖြစ်ကြသော ဦးဆန်းအောင်ဖြိုး၊ ဒေါ်ရွှေရည်ခိုင်တို့အား(၅-၁၁-၂၀၁၄)ရက်စွဲပါ "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းကတိစာချုပ်"ဖြင့် အပိုင်ပေးအပ်ခဲ့ပါသည်။

အဆိုပါ မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နေခြည်ဦး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၆၂၈၁)**
**အမှတ်(၄၀)၊ (၇)လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၀၃၀၅၂၁၊ ၀၉-၇၇၇၃၇၄၉၉၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၇)၊ ဦးပိုင်အမှတ်(၁၁၀)၊ ၆၇x၆၈ လမ်းကြား၊ ၁၁၆x၁၁၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်အေးမိ [၉/အမရ(နိုင်)၀၄၆၂၅၄]၊ MTA-၁၆၅၂၀၇ ၏ (GP ရရှိသူ ဦးစိုးညွန့်(ခ)စိန်ညွန့်)ကတောဂရန်စာချုပ်နှင့်အတူအမှုတွဲအမှတ်-၇၀၄၅/၂၀၂၃-၂၀၂၄ ဖြင့်တောမှမြို့ပြောင်း/သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၁၁-ခ) နှင့် (၅၁၉-က) တို့တွင်ရှိသော ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၁)၊ M-2 လမ်း၊ အကွက်အမှတ် (ရှေ့ပြေး-၈၁)၊ ဧရိယာအကျယ်အဝန်း ၅ ဧက (၁ယူနစ်)အား မူလအမည်ပေါက်ပိုင်ရှင် ဒေါ်မင်းမင်းထွန်း [၁၂/တမန(နိုင်)၀၀၃၃၁၂] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကီစိုးကူမာရ်[၇/ကတခ(နိုင်) ၁၄၅၃၄၂]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံဆက်သွယ်ကန့်ကွက်လိုပါကြောင်းနှင့် ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်နှင့် လုပ်ကိုင်ခွင့်အမည်ပြောင်းလဲခြင်းကိစ္စရပ်တို့အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးကီစိုးကူမာရ်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မြမဉ္ဇူ (LL.B)** | **ဒေါ်သက်သက်အောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၅၇၃၈)** | **(စဉ်-၃၁၆၄၀)** |

**အမှတ် (၉/၁၁)၊ အခန်း (၂၀၄-B)(၃၆)လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉-၄၀၁၆၀၁၇၉၇၊ ၀၉-၄၂၀၀၄၅၉၉၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၄)၊ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၈)၊ ဦးပိုင်အမှတ် (၄၃၈) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၀x၆၀) ပေ၊ ဧရိယာ (၀.၀၅၅)ဧကရှိ တကက/စရ ရန်သိမ်းအမည်ပေါက်ဂရန်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်သန်းသန်းဌေး [၇/တငန(နိုင်)၀၀၅၅၆၆] ကိုင်ဆောင်သူမှ တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ထုတ်ဖော်ဝန်ခံကတိပြုပြီး ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်သက်ထွန်း [၁၂/ဒဂမ(နိုင်)၀၀၄၅၆၈] မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်သက်ထွန်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)**
**အမှတ် (၈၄၆)၊ သမာဓိလမ်း၊ (၁၃) ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၅၆၀၀၇၀**

## ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ သမိုင်းမြို့သစ်(၅)လမ်း၊ တိုက်အမှတ်(၂၀)၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦမှ (မြေညီထပ်/ခေါင်းရင်းခန်း) တိုက်ခန်းအပါအဝင် မြေပိုင်ဆိုင်မှုနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ မြေပိုင်ဆိုင်မှု အပါအဝင် တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်ဖြူဖြူကျော်[၆/ရဖန(နိုင်)၀၇၆၈၇၉] ထံမှ ဦးအောင်ကျော်ထွေး [၁၂/တမန (နိုင်) ၁၁၈၃၆၆]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေပိုင်ဆိုင်မှုအပါအဝင် တိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ကျော်ထွေး ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာအပိုင်း(၁) ရာဇကုမာရ်လမ်း၊ တိုက်အမှတ်(၇၆)၊ အခန်းအမှတ်(၂၀၄)၊ မှ (ဒုတိယထပ်) တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဒေါ်စန္ဒာလင်း[၁၂/ရကန(နိုင်)၀၆၈၂၉၃]ထံမှ ဒေါ်မြင့်မြင့်ခိုင်[၁၂/ကမန(နိုင်)၀၇၈၁၇၉]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၁၀)ရက်အတွင်းကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ ရွှေတောင်တန်းလမ်း၊ တိုက်အမှတ်(၆၆)၊ (၂)ခန်းတွဲ(၈)ထပ်တိုက် အဆောက်အဦမှ(၅-လွှာ-ဒုတိယထပ်/မြောက်ဘက်ခန်း)တိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးဇော်လင်း [၁၂/ကတတ(နိုင်)၀၁၁၅၉၇] ထံမှ ဒေါ်ကြည်ကြည်ခိုင် [၁၁/မဥန(နိုင်)၀၅၀၉၁၄]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်း နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ကြည်ကြည်ခိုင် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း-၀၉-၅၁၈၁၈၂၀**

## ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊(၆)ရပ်ကွက်၊(၇)မိုင်၊ပြည်သူ့လမ်းရှိ ဘိုးဘွားပိုင်မြေပေါ်တွင် ဆောက်လုပ်ထားသော(12/L)Condo,(7)miles၊(၈)ခန်းတွဲ၊($6\frac{1}{2}$)ထပ်အဆောက်အဦး၏ လက်ဝဲဘက်အခြမ်း၊(၂)လွှာ၊(၁)ထပ်၊(၁၀၅၅)စတုရန်းပေအကျယ်ရှိကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကိုတရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်နန်းဆွတ်ခမ်း(၁၃/ကတန(နိုင်)၀၀၀၂၁၃)ထံမှကျွန်ုပ်၏မိတ်ဆွေများဖြစ်သောဦးအောင်ကျော်ဝင်း(၇/အတန(နိုင်)၁၀၂၉၈၀)နှင့်ဒေါ်ခင်လွင်ဦး(၁၂/မရက(နိုင်)၁၄၅၃၀၇)တို့မှအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါသဖြင့်ကန့်ကွက်လိုပါကယနေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။**

ဦးအောင်ကျော်ဝင်း၊ ဒေါ်ခင်လွင်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ထက်ထက်အောင် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၅၃၇၆)

09 - 408098822, 09 - 765080073, 09 - 5080073
အမှတ် (1/A2)၊မြသီတာအိမ်ရာ၊မြင်သာ(၁၁)လမ်း၊(၁၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်မြို့။

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၈)၊ မြေကွက်အမှတ် (၁၂၈၈)၊ အကျယ်အဝန်း (၄၁ ပေx၆၀ ပေ)ဧရိယာ(၀.၀၅၆)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်သည် ဦးလှငွေ (NZN-၀၆၇၃၂၁) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည် ခေါင်းရင်းခြမ်း၊ အကျယ်အဝန်း (၂၁ ပေ x ၆၀ ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အမှတ်(၃၀/က)၊ နတ်မောက်(၇)လမ်း၊ (၁၈/E) ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးညိုဝင်း [၁၂/ဒဂတ(နိုင်) ၀၆၁၉၀၁]မှ မိမိသာလျှင်လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းသူ[၁၂/သဃက(နိုင်)၀၂၄၉၃၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ် -၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉ ၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေး(မြောက်)၊ မြေကွက်အမှတ်(၂၁၇/ခ)၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်သည် ဦးအောင်ဇင်-(W/RGN-၀၁၄၆၄၆) အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၂၁၇/ခ)၊ ဗန္ဓုလလမ်း၊ ကြီးပွားရေး(မြောက်)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက် ကွယ်လွန်သဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့သည် ဇနီးဖြစ်သူ ဒေါ်ခင်မိုးအေး[၁၂/သဃက(နိုင်)၁၁၆၅၆၈]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ပိုးအိအိစံ (LL.B)(LL.M)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)**
**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၂၅၀၆၄၃၈၃၄၊ ၀၉-၄၅၀၀၉၉၀၆၉**

## " အများသိစေရန်ကြေညာချက် "

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (စံပြ)၊ လူနေရပ်ကွက်အမှတ် (စံပြ)၊ မြေကွက်အမှတ်(၃၇၀)၊ စံပြ(၁)လမ်း၊ အမှတ် (၃၇၀)မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော(၂)ခန်းတွဲ(၆-ထပ်)တိုက် အဆောက်အဦ၏ စတုတ္ထထပ်၊ (၅-လွှာ) (ခေါင်းရင်းဘက်အခြမ်း)( တိုက်အား မျက်နှာမူ၍ကြည့်သော် ယာဘက်ခြမ်း)၊ (အလျား ၁၁၂ပေ x အနံ ၄၇ ပေ) အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ မြေရှင်နှင့် ကန်ထရိုက်တာတို့ချုပ်ဆိုသော (၁၂-၁-၂၀၁၆ ) နှစ်ဦးသဘောတူကတိစာချုပ်အရ **မြေရှင်ဦးသန်းဦး[၁၂/သဃက(နိုင်)၀၀၁၂၀၂]**ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော အခန်းဖြစ်ပြီး၊ အပြီးအပိုင်ရောင်းချသူ **ဦးကျော်ထက်အောင် [၁၂/သဃက(နိုင်) ၁၆၉၇၄၇]**က အဆက်စပ် စာချုပ်စာတမ်းမူရင်းများအရ တရားဝင်ပိုင်ဆိုင်ကြောင်း ၎င်းတစ်ဦးတည်းကသာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း၊ ပြောဆိုကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် တိုက်ခန်းရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်၍ ဤတိုက်ခန်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဲစုနွေး LL.B., WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၆၅)**
**အမှတ် (၅၀/ခ)၊ မဟော်သဓာ(၁)လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၅၀၉၂၈၈၂၊ ၀၉-၇၇၃၀၈၄၇၈၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၃၇ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ အမှတ်(၃၈၃)၊ မြန်မာနိုင်ငံသားများဘဏ် (ရုံးချုပ်)၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာ အပ်ပါသည်-

ဒေါ်အိဖြူသင်း[၇/လပတ(နိုင်)၁၂၀၃၀၃]ကိုင်ဆောင်သူမှ ရန်ကုန် တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ လူနေရပ်ကွက်အမှတ်-၆/၁၄၊ မော်လမြိုင်ပန်းခြံလမ်း၊ မြေကွက်အမှတ်- ၁၆၄၊ အကျယ်ပေ(၄၀x၆၀)၊ ဧရိယာ-၀.၀၅၅ဧကရှိ ဒေါ်အေးအေးလှိုင် အမည်ပေါက် နှစ်(၆၀) ဂရန်ထွက်ရှိထားသော မြေကွက်နှင့် ရန်ကုန်တိုင်း ဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ လူနေ ရပ်ကွက်အမှတ်-၆/၁၄၊ မော်လမြိုင်ပန်းခြံလမ်း၊ မြေကွက်အမှတ်- ၁၆၅၊ အကျယ်ပေ(၄၀x၆၀)၊ ဧရိယာ၀.၀၅၅ဧကအကျယ်ရှိ ဦးကျော်ဒင် အမည်ပေါက် နှစ် (၆၀) ဂရန်ထွက်ရှိထားသော မြေကွက်များသည် (၂၄-၃-၂၀၂၃)ရက်နေ့တွင် မြန်မာနိုင်ငံသားများဘဏ်လီမိတက်(ရုံးချုပ်) ထံမှ အိမ်ရာချေးငွေ( Home Loan)စနစ်ဖြင့် ဝယ်ယူထားသည့် မြေကွက် များဖြစ်ပါသည်။ ယင်းမြေကွက်များ၏ ပိုင်ဆိုင်မှုစာရွက်စာတမ်းများ သည် မြန်မာနိုင်ငံသားများဘဏ်လီမိတက်တွင်ထိန်းသိမ်းထားရှိပါသည်။

ဒေါ်အိဖြူသင်းမှဘဏ်သို့ချေးငွေအပြေအကျေပေးဆပ်ရန် ကျန်ရှိ ပါသောကြောင့် အထက်ဖော်ပြပါ မြေကွက်များသည် ချေးငွေအပြေအကျေ ပေးဆပ်ခြင်းမပြုမီ မြန်မာနိုင်ငံသားများဘဏ်က အကျိုးသက်ဆိုင်လျက် ရှိသောကြောင့် အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ တစ်နည်းနည်း ဖြင့် တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း၊ အာမခံအဖြစ်တင်သွင်းခြင်းများမပြုလုပ်ရန် ဒေါ်အိဖြူသင်းနှင့် အများ သိစေရန်အသိပေး ကြေညာအပ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်လှိုင်ဝင်းထွဋ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၆၇၉)**
**အမှတ်-(၉)၊ CDSG Condo ဝင်း၊ C-7ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၇၉၉၄၅၈၆၀၄**

## အများသိစေရန်အသိပေးကြေညာခြင်း

